ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 30 August 2022 ၁၀စာမျက်နှာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးရမည်

နေပြည်တော် သြဂုတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်ဆစ်ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းနှင့် ဗဟိုအလုပ်အမှုဆောင် စဝ်ဆောင်းဟန်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ငြိမ်းချမ်းရေးခြေလှမ်းသစ်ကို စတင်ဖော်ဆောင်ရာတွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အဖွဲ့သည် ပထမဆုံးလာရောက်ဆွေးနွေးခဲ့သည့်အဖွဲ့ဖြစ်ပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

ပဟေဠိသဖွယ်ရှိနေသည့် သမိုင်းထဲက ဂျီနိုဆိုက်ပဏ္ဍာ

ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေးစနစ်သစ်နှင့်ပတ်သက်သည့် သိကောင်းစရာများ

စာမျက်နှာ » ၁၁

ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၁၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၈ ဦးတွေ့ရှိ

စာမျက်နှာ » ၁၂

ကြေးမုံ

ရေရှည်တည်တံ့ခိုင်မြဲသည့် လူမှုစီးပွားအသိုက်အဝန်း

တောင်သူလယ်သမား စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် ရေသည် အဓိကကျသည့် အသက်သွေးကြောဖြစ်သည်။ မြေရိုသော်လည်း ရေမရှိပါကအသုံးမဝင်သော မြေရိုင်းလွင်ပြင်အဖြစ် တစ်မျှော်တစ်ခေါ်ဖြစ်နေတတ်သည့် နေရာများကို မြင်တွေ့တတ်သည်။ ရေရှားပါးသောဒေသများတွင် ရေအတွက်အဝေခက်ပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ရွာနှင့်တစ်ရွာ ပဋိပက္ခများဖြစ်ပွားခဲ့သည်ကို ကြားသိဖူးကြမည်ဖြစ်သည်။

အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကမကထပြု၍ ဆောင်ရွက်ပေးနေသည်ကိုတွေ့ရသဖြင့် တောင်သူလယ်သမား စိုက်ပျိုးရေးလုပ်ကိုင်သူများအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ တောင်သူလယ်သမား လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများ စိုက်ရေးပျိုးရေး အဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေလှောင်တမံ၊ ရေလွှဆည်၊ ရေတံခါး၊ ရေပေးမြောင်းနှင့် ရေထိန်းအဆောက်အအုံများ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေ ထုတ်ယူရေးလုပ်ငန်းများ၊ မြေအောက်ရေထိန်းရေလှောင်တမံလုပ်ငန်းများစသည်ဖြင့် ရေအရင်းမြစ်များကို စုဆောင်းဖြန့်ဝေထုတ်လုပ်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း၌ ဆည်မြောင်းတာတမံများ တည်ဆောက်ပေးပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေသော်လည်း အချို့နေရာဒေသများတွင် ခွက်ဆင့်သောက်ရေလမ်းကြောင်းစနစ်၌ ဆည်ရေများလေလွင့်မှုနှင့် အဆင်မပြေမှုဖြစ်နေသည်ဟု သိရသည်။ ထို့ကြောင့် အဆင်ပြေမည့်နည်းလမ်းအမျိုးမျိုးဖြင့် ပြုပြင်စီမံဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။ ယခုအခါ ရေပေးဝေသည့်မြောင်းများ၊ အဆောက်အအုံများ ရေရှည်တည်တံ့ပြီး ရေပေးဝေမှုစနစ်များ တိုးတက်လာစေရေးအတွက် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်စုဖွဲ့ဆောင်ရွက်သည့် ဆည်ရေစီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဟု သိရသည်။

သက်ဆိုင်ရာတောင်သူလယ်သမားများစုဖွဲ့ကာ ဆည်ရေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရန်အတွက် သက်ဆိုင်ရာရေသောက်မြောင်းများအလိုက် ရေအသုံးချသူများအဖွဲ့ (Water User Group – WUG) အဖွဲ့များကို ဖွဲ့စည်းခြင်း၊ အဆိုပါအဖွဲ့များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် ပိုမို ကျယ်ပြန့်အားကောင်းလာစေရန်အတွက် ရေအသုံးချသူများအသင်း (Water User Association – WUA)အဖြစ်သို့ အဆင့်မြှင့်တိုးချဲ့ဖွဲ့စည်းခြင်းများကို ဆောင်ရွက်နေပြီဖြစ်ရာ တောင်သူလယ်သမား စိုက်ပျိုးရေးလုပ်ကိုင်သူများ ရေအတွက် အခက်အခဲမရှိဘဲ အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ဆည်ရေပေးဝေမှုကဏ္ဍ၌ ယခင်က အဆင်မပြေမှုနှင့်ကြုံတွေ့ခဲ့ရသည်ကို ပြေလည်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ဆည်ရေအသုံးချသူ တောင်သူလယ်သမားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်သည့်စနစ် ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ “ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (Participatory Irrigation Management – PIM)”ကို တည်ထောင်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ယခုစနစ်သည် တောင်သူလယ်သမားများကိုယ်တိုင် ပါဝင်စီမံဆောင်ရွက်ကြရသောကြောင့် တောင်သူအချင်းချင်းကြားတွင် ရေကြောင့်ဖြစ်ပွားရသော ပဋိပက္ခများကင်းဝေးခြင်း၊ ဆည်ရေကို အကျိုးရှိစွာအသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ရေအလေအလွင့်နည်းပါးပြီး ဆည်ရေစိုက်ဧရိယာများကို ပိုမိုတိုးချဲ့၍ ရေပေးဝေလာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာကာ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ အဆင်ပြေကောင်းမွန်လာမည်ဖြစ်သည်။

ဆည်ရေပေးဝေမှုစနစ်များတွင် တောင်သူလယ်သမားများအနေဖြင့် အသင်းအဖွဲ့များဖွဲ့စည်း၍ ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်သည့် အလေ့အထကောင်းများ ထွန်းကားမည်ဆိုပါက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် သာမက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ ကျေးလက်နေပြည်သူများ အကြား အချင်းချင်းလက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် ချစ်ခင်ရင်းနှီးမှုများ တိုးတက်ရရှိလာမည်ဖြစ်ပြီး လူမှုစီးပွားဖွံ့ဖြိုးရေးကို တိုးတက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အကျိုးတူလယ်ယာစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယင်းကဲ့သို့ အသင်းအဖွဲ့များရှိလာသဖြင့် တောင်သူလယ်သမားများဘဝ ပိုမိုအကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားဦးကြီးများအနေဖြင့် သီးခြားလုပ်ကိုင်နေသည့် အခြေအနေမှ စုပေါင်းလုပ်ကိုင်စီမံဆောင်ရွက်တတ်သည့် အခြေအနေကောင်းများ ဖြစ်ပေါ်လာပြီး အသင်းအဖွဲ့များမှတစ်ဆင့် နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖွံ့ဖြိုးစေရေးအတွက် တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိကြသည့် အစိုးရမဟုတ်သော စီးပွားရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ကာ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်လာသည့် စီးပွားရေးအသိုက်အဝန်းကြီး ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း။ ။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး
	ရာထူးဌာန
(၁) ဦးမျိုးညွန့်အောင်	ညွှန်ကြားရေးမှူးချုပ်
	သာသနာရေးဦးစီးဌာန
	သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
(၂) ဒေါက်တာအေးအေးခိုင်	ပါမောက္ခချုပ်
	ပဲခူးတက္ကသိုလ်
	အဆင့်မြင့်ပညာဦးစီးဌာန
	ပညာရေးဝန်ကြီးဌာန

ညောင်လေးပင်မြို့နယ်၌ ဆီတစ်ပိသာလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချ

ညောင်လေးပင် သြဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ပဲခူးမြို့ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းတို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက ဆီတစ်ပိသာလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချပေးသည်။

ထိုသို့ရောင်းချပေးရာတွင် တစ်အိမ်ထောင်လျှင် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ညောင်လေးပင်မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ရောင်းချပေးလျက်ရှိသည်။

ဆီလာရောက်ဝယ်ယူသော ပြည်သူတစ်ဦးက “အခုလိုလာရောက်ရောင်းချပေးတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ အပြင်မှာ ဝယ်ရင် စျေးနှုန်းက တစ်သောင်းကျော်နေတဲ့အချိန်မှာ အခုလို တစ်ပိသာဝါးထောင်နဲ့ လာရောင်းပေးတဲ့အတွက် ဝမ်းသာပါတယ်။ နောက်လဲလာရောက်ရောင်းပေးဖို့ မျှော်လင့်ပါတယ်” ဟု ပြောသည်။

စားသုံးဆီများလိုက်လံရောင်းချပေးခြင်းကို ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သိုက်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဇော်မင်းယုနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟိန်းသူနိုင် (ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉- ၈ -၂၀၂၂)

ကုမ္ပဏီ အမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၆,၉၀၀	၇,၁၀၀	၈၈၂	၆,၀၉၇,၄၀၀
MTSH	၂,၄၅၀	၂,၄၅၀	၈,၀၈၅	၁၉,၄၅၆,၉၀၀
MCB	၆,၈၀၀	၆,၈၀၀	၀	၀
FPB	၁၈,၀၀၀	၁၈,၀၀၀	၀	၀
TMH	၂,၃၅၀	၂,၃၅၀	၂၀၀	၄၇၀,၀၀၀
EFR	၂,၄၅၀	၂,၄၅၀	၀	၀
AMATA	၄,၄၀၀	၄,၄၀၀	၁	၄,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် သြဂုတ် ၂၉

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၀၈၈.၁
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၃.၄၃
(ဃ) ထိုင်း	တစ်ဘတ်	=	၅၇.၅၇၄
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၆၇.၇၁
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၆.၂၆၅
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၃၉.၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၀၀.၇
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၅၁၃.၈
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၅၅.၄၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
	ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊	အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
	ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	သတင်းထောက်များ	ဦးသန်းတင်အောင်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	သုတေသန	- ဒေါ်ဇင်မာဝင့်
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာပြင်	- ဒေါ်မြသီတာနှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ဌေစာရင်း ၀၁-၂၉၁၄၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ်တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

ပထမအကြိမ်ဆွေးနွေးမှုဌာ အပြုသဘောဆောင်သည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့သည့် အခြေအနေများ၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးမျှော်မှန်းချက်အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တို့ကိုအခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်**သည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကရှင်းလင်းဆွေးနွေး ပြောကြားသည်။

တင်ပြဆွေးနွေး

ထို့နောက် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဖက်ဒရယ်စနစ်ကျင့်သုံးဆောင်ရွက်ရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရေး၊ ပြည်သူလူထုတို့၏ လူနေမှုဘဝမြှင့်တင်ရေး၊ လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက်မှုများပပျောက်ရေးဆိုင်ရာများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သဘောထားအမြင်များကို တင်ပြဆွေးနွေးသည်။

ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏ပထဝီဝင်အနေအထား အရ အရေးပါမှုနှင့် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်နေသည့် အခြေအနေများ၊ **ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံး ဆောင်ရွက်ရန်လိုအပ်**သည့် အခြေအနေများ၊ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ**သည့် အခြေအနေများ၊ တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားပြီး ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်ဆစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်ပြုလုပ်သွားမည်

အဆိုပါ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)အဖွဲ့ဥက္ကဋ္ဌဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ **ကမ္ဘာပေါ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သည့် နိုင်ငံအများအပြားရှိကြပြီး မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထား၊ အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုတို့နှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုသာ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်ရန်လိုအပ်**

❖ **စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပြည့်စုံရန် မဖြစ်မနေလိုအပ်မည်ဖြစ်ပြီး ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိ**

✰ ကျေးဇူးမှ

သြဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရှီရီမီကျဲဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလွင်ဦးနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ဗိုလ်မှူးချုပ် မိုးကျော်နှင့် ဇနီးနှင့် တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဌေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခြင်းစဉ်။

၂၀၂၂ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် သြဂုတ် ၂၉

၂၀၂၂ ခုနှစ် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

တက်ရောက်အားပေး

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအရာရှိကြီးများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အမျိုးသမီး (၄၈)ကီလိုတန်းပြိုင်ပွဲတွင် အေးငြိမ်းထူး(အား/လူငယ်)နှင့် ထန်နွမ်းကိန်(အား/လူငယ်)တို့ ယှဉ်ပြိုင်ကစားကြရာ အေးငြိမ်းထူး(အား/လူငယ်)က လည်းကောင်း၊ အမျိုးသမီး (၅၀)ကီလိုတန်းပြိုင်ပွဲတွင် အိဖြူထွေး(ပြည်ထဲရေး)နှင့် မြမိုးသူ(ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြမိုးသူ(ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသမီး (၅၂) ကီလိုတန်းပြိုင်ပွဲတွင် မေသဇင်ထူး(ပြည်ထဲရေး)နှင့် နန်းအေးဗွေဟွမ်(ရှမ်း/တောင်ကြီးကလပ်) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နန်းအေးဗွေဟွမ်(ရှမ်း/တောင်ကြီးကလပ်)က လည်းကောင်း၊ အမျိုးသမီး (၅၄)ကီလိုတန်း ပြိုင်ပွဲတွင် ထက်ထက်ခိုင်ဦး(ပြည်ထဲရေး)နှင့် ဆုမြတ်နိုး(PTC.ကလပ်) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ထက်ထက်ခိုင်ဦး(ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသမီး (၆၀)ကီလိုတန်းပြိုင်ပွဲတွင် ကေသွယ်ငြိမ်း(PTC.ကလပ်)နှင့် ကိမ်ရှင်းဒီတက်ဆာန်(မန္တလေးတိုင်း)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကေသွယ်ငြိမ်း(PTC.ကလပ်)က လည်းကောင်း၊ အမျိုးသား (၄၈)ကီလိုတန်းပြိုင်ပွဲတွင် မင်းဇော်ထွန်း(ကာကွယ်ရေး)နှင့် မောင်ရှိန်း(ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မောင်ရှိန်း(ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသား (၅၁)ကီလိုတန်းပြိုင်ပွဲတွင် ပြည့်စုံ(တပ်မတော်–လေ)နှင့် လင်းထွဋ်ဝိုင်(အား/လူငယ်)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လင်းထွဋ်ဝိုင်(အား/လူငယ်)က လည်းကောင်း၊ အမျိုးသား(၅၄)ကီလိုတန်း ပြိုင်ပွဲတွင် ကျော်မင်းထွန်း(ပဲခူးတိုင်း)နှင့် ဇော်မြင့်မိုး(ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဇော်မြင့်မိုး(ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသား(၅၇)ကီလိုတန်း ပြိုင်ပွဲတွင် နိုင်လတ်(အား/လူငယ်) နှင့် ဂေမောင်း(မန္တလေးတိုင်း) တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ နိုင်လတ်(အား/လူငယ်)က လည်းကောင်း၊ အမျိုးသား (၆၀)ကီလိုတန်း ပြိုင်ပွဲတွင် မင်းနိုင်ကျော်ဇင်(ပြည်ထဲရေး)နှင့် စောဘွယ်ကလို(ပြည်ထဲရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ စောဘွယ်ကလို (ပြည်ထဲရေး)က လည်းကောင်း၊ အမျိုးသား (၆၃ ဒသမ ၅)ကီလိုတန်း ပြိုင်ပွဲတွင် ကျော်မင်းဦး(ကာကွယ်ရေး)နှင့် သီဟဇော်(အား/လူငယ်)တို့ ယှဉ်ပြိုင် ကစားခဲ့ကြရာ ကျော်မင်းဦး(ကာကွယ်ရေး)က လည်းကောင်း၊ အမျိုးသား (၆၇) ကီလိုတန်းပြိုင်ပွဲတွင် ဇွဲဝေလျှံဖြိုး(မန္တလေးတိုင်း)နှင့် သူရဖြိုး(Gold Camp)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဇွဲဝေလျှံဖြိုး(မန္တလေးတိုင်း)က လည်းကောင်း၊ အမျိုးသား (၇၁) ကီလိုတန်းပြိုင်ပွဲတွင် ဝင်းမင်းထွန်း(ကာကွယ်ရေး)နှင့် အောင်သူ(မန္တလေးတိုင်း)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အောင်သူ(မန္တလေးတိုင်း)က လည်းကောင်း၊ အမျိုးသား (၇၅)ကီလိုတန်း ပြိုင်ပွဲတွင် သုတ(မန္တလေးတိုင်း)နှင့် ရဲဝင်းနိုင်(ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ သုတ(မန္တလေးတိုင်း)က လည်းကောင်း၊ အမျိုးသား (၈၀)ကီလိုတန်းပြိုင်ပွဲတွင် အောင်ဆွေမွန်(ပြည်ထဲရေး)နှင့် အောင်ပြည့်ဖြိုး(ကာကွယ်ရေး)တို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ အောင်ဆွေမွန်(ပြည်ထဲရေး)က လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ကီလိုတန်းအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိခဲ့သော အေးငြိမ်းထူး(အား/လူငယ်)ကို လည်းကောင်း၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိခဲ့သော စောဘွယ်ကလို(ပြည်ထဲရေး)ကို လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် တစ်သိန်းစီ ပေးအပ်ချီးမြှင့်သည်။ လူငယ်/လူရွယ်များ လက်ဝှေ့အားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေပြီး လက်ဝှေ့အားကစားနည်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စိတ်ဓာတ်၊ စွမ်းရည်၊ သတ္တိနှင့် ပြည့်စုံ၍ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြုသွေးသစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

✪ **မအိုင်ကျွန်းမှ**

"မအိုင်ကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော"အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၃၁/၂၀၂၂)အရ ၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း (၁) ရက်(၂၀၂၂ ခုနှစ်၊ သြဂုတ် ၂၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

မအိုင်ကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တောတည်ထောင်ခြင်းဖြင့် ဒီရေတောဂေဟစနစ်ကို ရေရှည်တည်တံ့စေခြင်း၊ ဒီရေတောပင်များသည် ကပွလီပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် တားဆီးကာကွယ်ပေးနိုင်ခြင်း၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသော ရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့စေရေးကို အထောက်အကူပြုနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်လေထုမှ ကာဗွန်မှားစွာ သိုလှောင်ထိန်းညှိပေးနိုင်ခြင်း၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်နှင့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန်ရည်ရွယ်၍ ဒီရေတော ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

မအိုင်ကျွန်းဒီရေတော ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း လမှု၊ သမ့ဲ၊ ကန့်ပလာ၊ ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ မမမ၊ ပင်လယ်အုန်း၊ ခရာ အစရှိသည့်ဒီရေတောပင်များ ပေါက်ရောက်နေပြီး ရေငန်ငါး အမျိုးမျိုး၊ ပုစွန်၊ ကဏန်း၊ ခရုစုပ်ငှက်၊ နှုတ်သီးဝိုင်းရေညောင့်ငှက်၊ ဝန်ပိုင့်ငှက်၊ တောဘဲ၊ တင်ကျီးငှက်တို့ ကျက်စားရာဒေသဖြစ်သည့်အပြင် ဒေသခံများအတွက် ဆူနာမီမုန်တိုင်း အစရှိသော သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွား ရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ ထင်းလောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းတို့ကြောင့် ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြောင်းလဲလာသည့် လူကုန်ကူးပုံစံများကို လေ့လာအကဲဖြတ်ပြီး တားဆီးကာကွယ်ကြရမည်

နေပြည်တော် သြဂုတ် ၂၉

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၂)ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုအဖွဲ့ဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာများအကြား အချိတ်အဆက်မိမိ ပူးပေါင်းအကောင်အထည်ဖော်နိုင်စေရန်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ် စီမံကိန်းအပေါ် အလေးထားအကောင်အထည်ဖော်ရန်၊ ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်ကို ရာနှုန်းပြည့်အကောင်အထည်ဖော်နိုင်ရန်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရန် ရည်ရွယ်ကာ ယနေ့အစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ မိမိတို့၏ ပင်မတာဝန်များကို ထမ်းဆောင်ရင်း နိုင်ငံ၏အမျိုးသားရေးတာဝန် ဖြစ်သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း။

ပြောင်းလဲလာသည့် လူကုန်ကူးပုံစံများကို လေ့လာအကဲဖြတ်ပြီး တားဆီးကာကွယ်ကြရမည် ဖြစ်ကြောင်း၊ လူကုန်ကူးမှုများသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြောင်းလဲမှုများနှင့် ဆက်နွယ်ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု၊ ပိုမိုထိခိုက်လွယ်သော စီးပွားရေး၊ လူမှုရေးစံနှုန်းများနှင့် မိသားစုနောက်ခံများအပေါ် လူကုန်ကူးသူများက အလွဲအသုံးပြုကျူးလွန်သဖြင့် လူကုန်ကူးမှုများ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပြောင်းလဲတိုးတက်နေသော အင်တာနက်နည်းပညာများကို အသုံးပြု၍ လူကုန်ကူးသူများက လူသစ်စုဆောင်းမှုများ ပြုလုပ်လာကြောင်း။

၂၀၂၂ခုနှစ် ဇွန် ၁၆ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၂၉ အရ အွန်လိုင်း၊ အီလက်ထရောနစ်ကိုအသုံးပြု၍ လူကုန်ကူးမှုကျူးလွန်ခြင်းများကို ဖော်ထုတ်ဟန့်တားနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများအကြား ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်သဘောတူစာချုပ်များပါ ပြဋ္ဌာန်းချက်များ၊ ညီလာခံများနှင့် အစည်းအဝေးများမှဆုံးဖြတ်ချက်များအပါအဝင် အကောင်အထည်ဖော်ရမည့်အချက်များကို ပူးပေါင်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းလိုကြောင်း။

အမေရိကန်အစိုးရ၏ ၂၀၂၂ ခုနှစ် လူကုန်ကူးမှု အစီရင်ခံစာတွင် မြန်မာနိုင်ငံကို အနိမ့်ဆုံးအဆင့် Tier-3 သတ်မှတ်ပြီး အကြံပြုချက်(၁၃)ချက် ဖော်ပြထားရှိရာ အဆိုပါအကြံပြုချက်များသည် မိမိတို့နိုင်ငံတွင် လက်တွေ့ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့်အချက်များဖြစ်ကြောင်း၊ အဆိုပါ အစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ပကတိဆောင်ရွက်ချက်များအပေါ် ထင်ဟပ်မှုမရှိကြောင်း၊ ယခုအစည်းအဝေးမှ အနာဂတ်အတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းကော်မတီ၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းကော်မတီနှင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌက ၂၀၂၂ ခုနှစ် လုပ်ငန်းစီမံချက်၏ လုပ်ငန်းစဉ်များကိုဆောင်ရွက်ရာတွင် ရာနှုန်းပြည့် ရလဒ်ကောင်းများရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန်နှင့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်းကြရန် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

လယ်မြေကို အခြားနည်းအသုံးပြုခွင့် တင်ပြလာပါက အောက်ခြေသို့ဆင်း၍ သေချာစွာ စိစစ်ရန်လိုအပ်

နေပြည်တော် သြဂုတ် ၂၉

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ (၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတော်နှင့် အများပြည်သူ အကျိုးအတွက် ဆောင်ရွက်ရသည့် စီမံကိန်းလုပ်ငန်းများတွင် မဖြစ်မနေ အသုံးပြုခဲ့ရသောမြေများနှင့်ပတ်သက်၍ မြေယာပိုင်ရှင် တောင်သူလယ်သမားများအား သီးနှံနှင့်မြေယာလျော်ကြေး၊ နစ်နာကြေးများ ထုတ်ပေးခြင်းလုပ်ငန်းကို ဥပဒေအရပေးအပ်သော ရပိုင်ခွင့်များ နှောင့်နှေးမှုမရှိဘဲ ခံစားရရှိစေရန် လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ ဒေသတွင်းဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ကြန့်ကြာမှုမရှိစေဘဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ လယ်မြေကို အခြားနည်းအသုံးပြုခွင့် တင်ပြလာပါက အောက်ခြေသို့ဆင်း၍ သေချာစွာ စိစစ်ရန် ညွှန်ကြားချက်များကို နေပြည်တော် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က အလေးထားလိုက်နာ ဆောင်ရွက်ရန် လိုအပ်ကြောင်း။

စားနပ်ရိက္ခာ ဖူလုံမှုရှိစေရန် လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအပြင် သား၊ ငါးကဏ္ဍထုတ်လုပ်မှု တိုးတက်ရေးကိုလည်း တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများအတွက် ခွင့်ပြုရမည့် ကိစ္စရပ်များ၌ ဒေသအသီးသီး၏ ထုတ်လုပ်မှုကဏ္ဍ တိုးတက်ရေးသာမက ထွက်ရှိလာသည့် ထုတ်ကုန်များကို စနစ်တကျသိုလှောင်၊ ကြိတ်ခွဲနိုင်ရန်လိုအပ်ကြောင်း၊ ဆန်စပါး၊ ပဲမျိုးစုံ၊ သားငါးထွက်ကုန်များကို ပြည်ပစျေးကွက်သို့ ကုန်ကြမ်းအဖြစ် တင်ပို့နေရသည့်အခြေအနေမှ တန်ဖိုးမြှင့်ထုတ်ကုန်များ Value Added Products ထုတ်လုပ်နိုင်မည့် ခေတ်မီစက်ရုံ၊ အလုပ်ရုံများ တိုးပွားတည်ဆောက်နိုင်ရေးအတွက်ကိုလည်း စနစ်တကျ မြေအသုံးချခွင့်ရရှိရေးများကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီပံ့ပိုးဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး အတွင်းရေးမှူးညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက (၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဖတ်ကြားတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဘိလပ်မြေစက်ရုံနှင့် ထုံးကျောက်အကြီးစားထုတ်လုပ်မှုလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၂၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူသည် တာဝန်ရှိသူများနှင့် အတူ သြဂုတ် ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဝန်ကြီးဌာနရုံးခွဲများသို့ ရောက်ရှိကာ ရုံးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒ၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များအား

တိကျစွာလိုက်နာရန်၊ မိမိလုပ်ငန်းအပေါ် ကောင်းမွန်သော စေတနာ ခံယူချက်ထား ဆောင်ရွက်ရန်၊ ပြည်သူများအတွက် ဝန်ဆောင်မှု ကောင်း ပေးနိုင်ရန်၊ နိုင်ငံ့ဝန်ထမ်း ကောင်းများဖြစ်အောင် ကြိုးစား ဆောင်ရွက်ကြရန် မှာကြားသည်။

ရောက်ရှိစစ်ဆေး

ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် တောင်တော်တွင်း ဒေသရှိ သံတော်မြတ် ကုမ္ပဏီလီမိတက်၏ ကြံ့ခိုင်ရေးဘိလပ်မြေစက်ရုံနှင့် ထုံးကျောက်အကြီးစား ထုတ်လုပ်မှု လုပ်ငန်းခွင်သို့ရောက်ရှိစစ်ဆေးပြီး တူးဖော်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ စာချုပ်ပါ စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ရေး၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း၊ EIA (Environmental Impact Assessment)၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် EMP (Environmental Management Plan)ပါ ကတိကဝတ်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ CSR (Cooperate Social Responsibility) လူမှုရေးဆိုင်ရာ တာဝန်ခံ ဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်ရေး၊ ဘိလပ်မြေ တိုးတက်ထုတ်လုပ်ရန် ကုမ္ပဏီမှ ကြိုးစားဆောင်ရွက်ရေး၊ ဌာနမှ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ကွပ်ကဲရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဟေဠိသဖွယ်ရှိနေသည့် သမိုင်းထဲက ဂျီနိုဆိုက်ပုစ္ဆာ

မိုးမြင့်

မြန်မာ့သမိုင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ဖူးတဲ့ လူမျိုး၊ ဘယ်တုန်းကမှ အသိအမှတ်မပြုခဲ့တဲ့ အသုံးအနှုန်းကိုမှ လူမျိုးလိမ်အမည်တပ်ပြီး မြန်မာပြည်တွင်းရေးကို အမေရိကန်တို့ ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ကြပြန်လေပြီ။ ထောင်ပေါင်းများစွာသော အပြစ်မဲ့ပြည်သူတွေကို လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ရာမှာ တိုက်ရိုက် ဒါမှမဟုတ် သွယ်ဝိုက်ပါဝင်ပတ်သက်ခဲ့ကြသူတွေကို အရေးယူရတဲ့ အကြမ်းဖက်နှိမ်နင်းရေးအမျိုးမျိုးကို အထောက်အထားမဲ့ဝေဖန်နေတဲ့ ကမ္ဘာ့ငပွကြီးရဲ့ မရိုးနိုင်တဲ့ အကြမ်းဖက်အားပေးပုံစံတစ်မျိုးလို့ပဲ ဆိုရပါလိမ့်မယ်။

နိုင်ငံရေးအရ တစ်ဖက်သတ် ဖိအားပေးခြင်းတစ်မျိုးသာ

မြန်မာနိုင်ငံမှာ လူမျိုးတုံးသတ်ဖြတ်ခြင်း ငါးနှစ်ပြည့် အထိမ်းအမှတ်ဆိုပြီး မြန်မာနိုင်ငံ ပြည်တွင်းရေး အခြေအနေတချို့နဲ့ အချိန်ကိုက်ထုတ်ပြန်ခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဂျေဘလင်ကန်ရဲ့ အဓိပ္ပာယ်မဲ့ ပြောဆိုဝေဖန်ချက်တွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအပေါ် အစဉ်တစိုက် မပြောင်းလဲတဲ့ နိုင်ငံရေးအရ ဖိအားပေးသက်သက်တစ်ခုပါပဲ။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ စစ်ရေးအရ၊ မီဒီယာသဘောအရ လျှို့ဝှက်တစ်ဖုံ အဖျက်အမှောင့်တစ်မျိုး နိုင်ငံတကာမှာ ပတ်မ္ဃေနေတဲ့ ဖိအားပေးမှုမျိုးစုံအနက်က တစ်ခုမဟုတ်တစ်ခုပါပဲ။ ကြားဖူးနေကျစကားလုံးတွေနဲ့ တွေ့ဖူးနေကျအသုံးအနှုန်းတွေဟာ ယခင့်ယခင် စွပ်စွဲချက်တွေအတိုင်းပါပဲ။ "မြန်မာစစ်တပ်"၊ "ရက်စက်ကြမ်းကြုတ်"၊ "ကျေးရွာတွေကို ဖျက်ဆီး"၊ "နှိပ်စက်ကလူပြု"၊ "အကြမ်းဖက်ကျူးလွန်"၊ "ထောင်ပေါင်းများစွာသော"၊ "အမျိုးသား အမျိုးသမီး ကလေးသူငယ်တွေ သတ်ဖြတ်ခံရ"၊ "အိုးအိမ်တွေကိုစွန့်ခွာထွက်ပြေးရ" စသည်စသည်ဖြင့် ဇာတ်နာအောင်လုပ်ပြီး အနှစ်သာရအားဖြင့် အပြောင်းအလဲမရှိ မရိုးနိုင်တဲ့စကားလုံးတွေနဲ့ စွက်ဖက်၊ ဘက်လိုက် တစ်ဖက်သတ် ဆန်နေဆဲဆိုတာ တွေ့ရပါတယ်။

ကြိုတင်အကွက်ဆင်ဖန်တီးခဲ့ကြတဲ့ အခြေအနေမှန်

ဒီလောက်တစ်ဖက်သတ်ဆန်လွန်းတဲ့ နိုင်ငံကြီးရဲ့ စွပ်စွဲခံရတဲ့ နိုင်ငံငယ်တစ်နိုင်ငံအနေနဲ့ သူ့ပြည်တွင်းရေးကိစ္စ၊ သူ့လုံခြုံရေးကိစ္စ၊ ရက်စွဲအတိအကျနဲ့ ပြောရရင် ၂၅-၈-၂၀၁၇ ရက်နေ့ ကိုဖီအာနန်အစီရင်ခံစာ စတင်တဲ့နေ့ကစပြီး ရခိုင်ပြည်နယ်မှာ ARSA အကြမ်းဖက်အဖွဲ့က လုံခြုံရေးစခန်း ၃၀ နဲ့ တပ်ရင်း ဌာနချုပ်တစ်ခုကို တစ်ပြိုင်နက် တိုက်ခိုက်ခဲ့တာကို မြန်မာ့တပ်မတော်အနေနဲ့ ကိုယ့်ပြည်သူတွေရဲ့ လုံခြုံရေး၊ ကိုယ့်နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သလို အရေးယူတုံ့ပြန်တိုက်ခိုက်ခဲ့ရခြင်းသာ ဖြစ်ပါတယ်။ ဒီလိုတိုက်ခိုက်ရာမှာလည်း တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းတွေနဲ့အညီသာ လုပ်ခဲ့ကိုင်ခဲ့ရပါတယ်။ ကိုယ့်ဘက်က ပြန်လည်တုံ့ပြန်တိုက်ခိုက်လို့ ARSA အကြမ်းဖက်အဖွဲ့တွေ ပြန်လည်ဆုတ်ခွာတဲ့အခါမှာ ဘင်္ဂလီနေအိမ်တွေကို ARSA အကြမ်းဖက်တွေကိုယ်တိုင် မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ဒါကို မြန်မာလုံခြုံရေးအဖွဲ့တွေကပဲ မီးရှို့သယောင်ယောင် အကွက်ဆင်ဖန်တီးခဲ့ကြပြန်တယ်။ ဖြစ်စဉ်ကြီးတစ်ခုလုံးကို International Crisis Group (ICG)က စောင့်ကြည့်၊ Human Right Watch (HRW) က မီးထိုး၊ နိုင်ငံတကာမီဒီယာအစုံကလည်း ဘေးတီးသတင်းဖြန့် ဝိုင်းလော်ခဲ့ကြပါတယ်။ ဒီလိုဒီအချိန်မှာ ပြည်တွင်းနေ ဘင်္ဂလီတွေကို တစ်ဖက်နိုင်ငံထဲ ထွက်ပြေးအောင် ရည်ရွယ်ချက်ရှိရှိနဲ့ ကြိုတင်စီမံဖန်တီးမှုအောက်မှာ ဘင်္ဂလီတွေဟာ တစ်ဖက်နိုင်ငံထဲ ထွက်ပြေးခြင်းဖြင့် အချိန်ကိုက်ဇာတ်ရိုက်တက်အောင် ဝိုင်းဝန်းလုပ်ကြံကျုံးသွင်းခဲ့ကြခြင်းသာဖြစ်တယ်ဆိုတာ တွေ့ရှိရပါတယ်။

နောက်ကွယ်ကဖြစ်နိုင်ခြေအကြောင်းရင်းများ

ဒါပေမဲ့ သူတို့စွပ်စွဲပြောသလို ဘင်္ဂလီထွက်ပြေးတဲ့အရေအတွက်၊ သတ်ဖြတ်ခံရတယ်ဆိုတဲ့ အရေအတွက်ဟာ မှန်ကန်တိကျမှုမရှိတဲ့ ချဲ့ကားကိန်းဂဏန်းတွေနဲ့ မှားယွင်းတဲ့ သတင်းအချက်အလက်တွေကို အခြေခံထားခြင်းသာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အရေးဟာ ထိုအချိန်၊ ထိုကာလက စပြီး မြန်မာနိုင်ငံကို ပြည်ပကရော ပြည်တွင်းကပါ ဝိုင်းဝန်းလုပ်ကြံကြဖို့ ကြိုတင်အကွက်ချ ဖန်တီးထားတဲ့ အခင်းအကျင်းတစ်ခုအောက်မှာ ကံမကောင်းစွာဘဲ ယနေ့ထိတိုင် ရင်ဆိုင်ဖြေရှင်းနေရတာ ဖြစ်ပါတယ်။ သူတို့ ဘာကြောင့်များ သမိုင်းအထောက်အထား ဘာမှမရှိတဲ့ လူမျိုးတစ်မျိုးကို အသုံးချပြီး မြန်မာပြည်သူတွေကို စော်ကားနေရပါသလဲ။ အကြောင်းတော့ရှိပါလိမ့်မယ်၊ မရှိတဲ့လူမျိုးအမည်နဲ့ အထောက်အထားမဲ့ ဘင်္ဂလူမျိုးတွေကို နေရာပေးမိရင် တစ်ချိန်မှာ ကိုယ်ပိုင်နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေဆိုတာ ဖြစ်လာမှာ သေချာပါတယ်၊ သီးခြားနိုင်ငံအထိ ဖန်တီးယူကြပါလိမ့်မယ်။

> ❖ ၁၇၇၆ ခုနှစ် အမေရိကန် လွတ်လပ်ရေးရပြီးနောက်မှာ နိုင်ငံအနောက်ဘက်ကို ရွှေ့ပြောင်းအခြေချသူတွေကြောင့် ဌာနေလူမျိုးစုခြောက်စုဟာ တိုက်ခိုက်ဖျက်ဆီးသိမ်းပိုက်ခံလိုက်ကြရပါတယ်။ ဖက်ဒရယ်ပုံစံအောက်မှာ ဌာနေအင်ဒီးယန်းတွေဟာ သားစဉ်မြေးဆက် ဆင်းဆင်းရဲရဲနေထိုင်သွားကြရပါတယ်။
>
> ❖ ထို့ထက်စောပြီး နယ်ချဲ့ခဲ့ကြတဲ့ ဥရောပတွေကြောင့် နိုင်ငံအနောက်ပိုင်းမှာ နေထိုင်ကြတဲ့ လူသန်းပေါင်း ၁၀၀ လောက်ဟာ သတ်ဖြတ်ခံရခြင်း ဒါမှမဟုတ် အချိန်မတိုင်မီ သေဆုံးကြရခြင်း တစ်ခုမဟုတ်တစ်ခု ကြုံခဲ့ကြရပါတယ်။ အမေရိကန်မှာ အခုလို နယ်နိမိတ် သတ်သတ်မှတ်မှတ်ရှိလာတဲ့ကာလ ၁၄၉၂-၁၉၀၀ ပြည့်နှစ်အကြားမှာတင် ဌာနေတိုင်းရင်းသား ၁၂ သန်းခန့်ဟာ အကြောင်းအမျိုးမျိုးနဲ့ သတ်ဖြတ်ခြင်း ခံခဲ့ကြရပါတယ်။ ဒီအချက်အလက်တွေက အမေရိကန်ပြည်တွင်းမှာ ကျူးလွန်ခဲ့ကြတဲ့ ဂျီနိုဆိုက်ကိစ္စတွေ ဖြစ်ပါတယ်။

ဆက်တွေးရင်တော့... အကောင်အထည်အိပ်မက်တွေ အများကြီးရှိပါလိမ့်မယ်။ ဒါကြောင့်လည်း နိုင်ငံရဲ့အနောက်ပိုင်းမှာ မတည်မငြိမ်ဖြစ်အောင်၊ မြန်မာလုံခြုံရေးတပ်ဖွဲ့ပုံရိပ်ကိုလည်း ကျဆင်းအောင် Genocide ဆိုတဲ့ အခင်းအကျင်းကို ကြိုတင်ပုံဖော်နေခြင်းသာ ဖြစ်နိုင်ပါတယ်။ အစိုးရတစ်ခုအနေနဲ့ လူနည်းစုတစ်ခုအပေါ်မှာ လူမျိုးတုံးဖိနှိပ်သတ်ဖြတ်နေတယ်၊ အစုလိုက်အပြုံလိုက် နေရာပြောင်းရွှေ့ဖိနှိပ်တာမျိုးလုပ်နေတယ်လို့ စွပ်စွဲပြီး နိုင်ငံတကာဥပဒေကိုအသုံးချ၊ တစ်ချိန်မှာ ခွဲထွက်ခွင့်ရအောင် လုပ်နေခြင်းလို့သာ ယူဆရမှာဖြစ်ပါတယ်။

ဒီကစားပွဲမှာ နောက်ကတစ်မျိုး၊ ဘေးကတစ်မျိုး အမျိုးမျိုး ကြိုးကိုင်ခြယ်လှယ်နေကြတဲ့ အဓိကဖန်တီးရှင်တွေကတော့ ဆရာကြီး OIC၊ လက်ညှိုးညွှန်ရာရေဖြစ်တဲ့ US နဲ့ CIA ၊ ဂျော့ဆိုးရော့စ်၊ OIC နဲ့ US ကြိုးဆွဲ UN ၊ EU နဲ့ UK ၊ ICG၊ ICJ၊ HRW၊ RFA၊ DVB စတဲ့ အဖွဲ့အစည်း၊ နိုင်ငံနဲ့ သတင်းဌာနအမျိုးမျိုးနဲ့ NGO၊ INGO မျိုးစုံ တွေ့ရမှာ ဖြစ်ပါတယ်။ ယခုလို အဖွဲ့စုံ သံပြိုင်စုံတီးခတ်ကြတဲ့ အရေးမှာ US ရဲ့ မဟာပြိုင်ဘက်၊ မြန်မာ့အိမ်နီးချင်းတရုတ်နိုင်ငံကြီးကို ထိန်းချုပ်ဖို့အတွက်လည်း ပါဝင်တယ်ဆိုတာ မေ့ထားလို့မရပါဘူး။ ဒါကြောင့်လည်း တရုတ်ရဲ့ နယ်စပ်ပင်လယ်ထွက်ပေါက်၊ မြန်မာနိုင်ငံအနောက်နဲ့ မြောက်ဘက်တစ်ကြောမှာ မတည်မငြိမ်ဖြစ်အောင် လုပ်ထားပြီး တရုတ်ရဲ့ မဟာဗျူဟာ ရေရှည်အကျိုးစီးပွားကို ပျက်ပြားအောင် ရည်ရွယ်ထားတယ်ဆိုတာ စဉ်းစားသင့်တဲ့ အချက်ဖြစ်ပါတယ်။

ကိုယ့်သမိုင်းထဲက ဂျီနိုဆိုက်ကို မေ့နေကြပုံရ

လူမျိုးတုံးသတ်ဖြတ်မှု (Genocide) နဲ့ပတ်သက်လာရင် ကမ္ဘာ့ပုလိပ်ကြီးဘက်က သူနဲ့မတည့်တဲ့နိုင်ငံတွေအပေါ်မှာ တစ်ဖက်သတ်စွပ်စွဲတိုက်ခိုက်တာ များပါတယ်။ ဒီမိုကရေစီနဲ့ လူသားတွေရဲ့လူ့အခွင့်အရေးကို ရှေ့တန်းက ကြွေးကြော်လွန်းတော့လည်း အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်းတွေ၊ အိမ်ရာ

> ❖ ၁၇၇၆ ခုနှစ် အမေရိကန် လွတ်လပ်ရေးရပြီးနောက်မှာ နိုင်ငံအနောက်ဘက်ကို ရွှေ့ပြောင်းအခြေချသူတွေကြောင့် ဌာနေလူမျိုးစုခြောက်စုဟာ တိုက်ခိုက်ဖျက်ဆီးသိမ်းပိုက်ခံလိုက်ကြရပါတယ်။ ဖက်ဒရယ်ပုံစံအောက်မှာ ဌာနေအင်ဒီးယန်းတွေဟာ သားစဉ်မြေးဆက် ဆင်းဆင်းရဲရဲနေထိုင်သွားကြရပါတယ်။
>
> ❖ ထို့ထက်စောပြီး နယ်ချဲ့ခဲ့ကြတဲ့ ဥရောပတွေကြောင့် နိုင်ငံအနောက်ပိုင်းမှာ နေထိုင်ကြတဲ့ လူသန်းပေါင်း ၁၀၀ လောက်ဟာ သတ်ဖြတ်ခံရခြင်း ဒါမှမဟုတ် အချိန်မတိုင်မီ သေဆုံးကြရခြင်း တစ်ခုမဟုတ်တစ်ခု ကြုံခဲ့ကြရပါတယ်။ အမေရိကန်မှာ အခုလို နယ်နိမိတ် သတ်သတ်မှတ်မှတ်ရှိလာတဲ့ကာလ ၁၄၉၂-၁၉၀၀ ပြည့်နှစ်အကြားမှာတင် ဌာနေတိုင်းရင်းသား ၁၂ သန်းခန့်ဟာ အကြောင်းအမျိုးမျိုးနဲ့ သတ်ဖြတ်ခြင်း ခံခဲ့ကြရပါတယ်။ ဒီအချက်အလက်တွေက အမေရိကန်ပြည်တွင်းမှာ ကျူးလွန်ခဲ့ကြတဲ့ ဂျီနိုဆိုက်ကိစ္စတွေ ဖြစ်ပါတယ်။

တွေကနေ မောင်းထုတ်ခြင်းတွေ၊ လူသားတွေအပေါ် ထင်ရာမြင်ရာဖိနှိပ်ရက်စက်ခြင်းတွေ စတဲ့ရက်စက်မှုတွေမှာ ထိုနိုင်ငံကြီးဘက်ကပဲ နတ္ထိကင်းရှင်းသယောင်ယောင်၊ မကျူးလွန်ခဲ့ဖူးသလိုလို ထင်မြင်စရာရှိနိုင်ပါတယ်။ အများကြီးလေ့လာစရာ မလိုပါဘူး၊ နည်းနည်းပါးပါး ကမ္ဘာ့သမိုင်းကို လှန်လှောလေ့လာဆန်းစစ်ကြည့်တာနဲ့ သိလာပါလိမ့်မယ်။ သမိုင်းမှာ အမေရိကန်တို့ ဂျီနိုဆိုက်ကျူးလွန်ခဲ့တဲ့ လူသိနည်းတဲ့ ဖြစ်ရပ်မှန်တွေကို ဆန္ဒရှိသလို စေလိုက်တိုင်းဖြစ်နေတဲ့ ယနေ့ခေတ်အမေရိကန် ခေါင်းဆောင်တွေ မေ့နေကြပုံရပါတယ်။

အမေရိကန်သမိုင်းအစမှာ အမေရိကန်စစ်တပ်ဟာ ဌာနေ ရက်အင်ဒီးယန်းတိုင်းရင်းသားတွေအပေါ်မှာ လူမဆန်တဲ့အမှုတွေကို ရက်ရက်စက်စက် ကျူးလွန်ခဲ့ကြဖူးပါတယ်။ အမေရိကန်တစ်ဦးတည်းလည်း မဟုတ်ပါဘူး၊ ဥရောပဘိုးအေ ကိုလိုနီ ခေါင်းဆောင်တွေလည်း ကျူးလွန်ခဲ့ကြဖူးတာပါ။ သူတို့ချင်းကျတော့ အပြန်အလှန် စွပ်စွဲကြတာပေါ့။ ၁၉၁၅ ခုနှစ်က ဖြစ်ခဲ့ဖူးတဲ့ အာမေးနီးယန်းတွေအပေါ် ကျူးလွန်ခဲ့တဲ့ တူရကီတွေကျူးလွန်တဲ့ ဂျီနိုဆိုက်ကို အမေရိကန်တို့ ဖော်ထုတ်ခဲ့ဖူးသလို အမေရိကန်လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်ကာလမှာ ဖြစ်ခဲ့တဲ့ အမေရိကန် ဂျီနိုဆိုက်ကိုလည်း ကမ္ဘာ့သမိုင်းပညာရှင်တွေကတော့ အမြဲထောက်ပြလေ့ရှိကြပါတယ်။

ဌာနေ ရက်အင်ဒီးယန်းတွေအပေါ် ကျူးလွန်ခဲ့မှုတွေ

ဂျီနီဗာကွန်ဗင်းရှင်းအရဆိုရင် နိုင်ငံတစ်ခု၊ နယ်မြေတစ်ခု၊ တိုင်းရင်းသားလူမျိုး တစ်မျိုးမျိုး၊ ဘာသာရေးအစုတစ်ခုလုံး ဒါမှမဟုတ် အစိတ်အပိုင်းတစ်ခုခုကို ရာဇဝတ်မှုမြောက်တဲ့ တိုက်ခိုက်ဖျက်ဆီးကျူးလွန်မှုကို ဂျီနိုဆိုက်အဖြစ်သတ်မှတ်ပါတယ်။ သမိုင်းအထောက်အထားတွေအရပဲ ပြောပါမယ်။ ၁၆၂၂ ခုနှစ်ကနေ ၁၇၇၅ ခုနှစ်အထိ တိုးချဲ့လာတဲ့ အမေရိကန်ကိုလိုနီ ၁၃ ခုမှာ ဌာနေအမေရိကန်တွေကို မောင်းထုတ်ပြီး နေရာယူသိမ်းပိုက်လာခဲ့တဲ့ နယ်ချဲ့သူဦးရေဟာ ၂၀၀၀ ကနေ ၂ ဒသမ ၄ သန်းအထိ တိုးပွားခဲ့တယ်လို့ ဆိုပါတယ်။ ၁၇၇၆ ခုနှစ် အမေရိကန် လွတ်လပ်ရေးရပြီးနောက်မှာ နိုင်ငံအနောက်ဘက်ကို ရွှေ့ပြောင်းအခြေချသူတွေကြောင့် ဌာနေလူမျိုးစု ခြောက်စုဟာ တိုက်ခိုက်ဖျက်ဆီးသိမ်းပိုက်ခံလိုက်ကြရပါတယ်။ ဖက်ဒရယ်ပုံစံအောက်မှာ ဌာနေအင်ဒီးယန်းတွေဟာ သားစဉ်မြေးဆက် ဆင်းဆင်းရဲရဲ နေထိုင်သွားကြရပါတယ်။ ထို့ထက်စောပြီး နယ်ချဲ့ခဲ့ကြတဲ့ ဥရောပတွေကြောင့် နိုင်ငံအနောက်ပိုင်းမှာနေထိုင်ကြတဲ့ လူသန်းပေါင်း ၁၀၀ လောက်ဟာ သတ်ဖြတ်ခံရခြင်း ဒါမှမဟုတ် အချိန်မတိုင်မီ သေဆုံးကြရခြင်း တစ်ခုမဟုတ်တစ်ခု ကြုံခဲ့ကြရပါတယ်။ အမေရိကန်မှာ အခုလို နယ်နိမိတ် သတ်သတ်မှတ်မှတ်ရှိလာတဲ့ကာလ ၁၄၉၂- ၁၉၀၀ ပြည့်နှစ် အကြားမှာတင် ဌာနေတိုင်းရင်းသား ၁၂ သန်းခန့်ဟာ အကြောင်းအမျိုးမျိုးနဲ့ သတ်ဖြတ်ခြင်း ခံခဲ့ကြရပါတယ်။ ဒီအချက်အလက်တွေက အမေရိကန်ပြည်တွင်းမှာ ကျူးလွန်ခဲ့ကြတဲ့ ဂျီနိုဆိုက်ကိစ္စတွေ ဖြစ်ပါတယ်။

အရပ်သားသေဆုံးမှုစစ်ပွဲတွေမှာ ပါဝင်ပတ်သက်ခဲ့မှုများ

နောက်ထပ် ၁၈၉၉ ခုနှစ်ကနေ ၁၉၀၂ ခုနှစ်အထိ ဖြစ်ပွားခဲ့တဲ့ အမေရိကန်စစ်တပ် ကျူးကျော်မှုကြောင့် ဖြစ်ခဲ့ရတဲ့ အမေရိကန်- ဖိလစ်ပိုင် ပြည်တွင်းစစ်မှာလည်း ဖိလစ်ပိုင်အရပ်သား ၂၀၀၀၀၀ ခန့်ဟာ တိုက်ခိုက်မှုတွေကြောင့်၊ အငတ်ဘေး၊ ရောဂါဘေးတွေကြောင့် သေဆုံးခဲ့ကြရပါတယ်။ ကမ္ဘာ့သမိုင်းမှာ အမေရိကန်စစ်တပ်ကြောင့် ကမ္ဘာ့ပြည်သူတွေ သေကျေခံစားခဲ့ကြရတာ မနည်းမနောရှိခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ပြီးခါနီး ဂျပန်မြို့ကြီး နှစ်ခုအပေါ် နှစ်ကြိမ် အမေရိကန်လေတပ်ရဲ့ အညာအတာဂင်းမဲ့ စွာနဲ့ အဏုမြူဗုံးကြဲချခဲ့မှုကြောင့် အပြစ်မဲ့အရပ်သား ၂၁၄၀၀၀ ခန့်သေခဲ့ရတဲ့ အဖြစ်အပျက်ဟာလည်း အကျုံးဝင်ထင်ရှားခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်ကနေ ၁၉၅၃ ခုနှစ်အထိ ဖြစ်ပွားခဲ့တဲ့ ကိုရီးယားစစ်ပွဲအတွင်းမှာ တောင်နဲ့မြောက်ကိုရီးယားအရပ်သားပေါင်းနှစ်သန်း ငါးသိန်းခန့် သေဆုံးကြရမှုမှာ အမေရိကန်စနက် မကင်းခဲ့ပါဘူး။

တစ်ဖန် အရှေ့တောင်အာရှကို နယ်ချဲ့ချင်လို့ ဗီယက်နမ်ပြည်တွင်းစစ်မှာ တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့တဲ့

စာမျက်နှာ ၇ သို့❖

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသော အဆင့်များ၊ ဘာသာရပ်များ၊ အဆိုနှင့် အတီး တေးသီချင်းအမည်များ ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

"တယော" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) ကန္တာလေတောခြေ (ယိုးဒယား)
(ဃ) တောမြိုင်စွန်း (ယိုးဒယား)
(c) မိုးလုံးပတ်လည် (ပတ်ပျိုး)
(စ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(ဆ) မြန်ချာမြေကို (ပတ်ပျိုး)
(ဇ) ခိုင်ပန်းစုံ မှုန်မာလာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဆန်းနွေဦး (ယိုးဒယား)(သဖြန်မလို)
(ခ) သိဂ်ါရွှေရောင် (ပတ်ပျိုး)
(ဂ) ကောက်စိုက်မ (စိန်ပါတီ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မေတ္တာဂုဏ် (ပြည်လှဖေ)
(ခ) ဆန်းဆန်းသန္တာကြာညောင် (ဖိုးဘွဲ့ယိုးဒယား)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မြနန္ဒာ (ကာလပေါ်)(ဒေါ်စိန်ပါတီ)
(ခ) ဖြေလျှောခွေ (ပတ်ပျိုး)
(ဂ) ရွှေဘုန်းရွှေဘုန်းတော် လေတည့်မှ (ကြိုး)

၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
(ခ) မေတ္တာလွမ်းခြိုး (မြန်မာ့အသံအဖွဲ့)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

"မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မန္တလာဘုံ (ဘွဲ့)
(ဃ) ပုံပမာ (ကြိုး)
(c) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(စ) မှုန်ပြာဝေ (ယိုးဒယား)
(ဆ) ပပင်ယ်လေဝင်းဝင်း (ပတ်ပျိုး)
(ဇ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မြူဝန်းလို့ခို (ပတ်ပျိုး)
(ခ) သုံးရောင်ခြယ် (ကာလပေါ်)
(ဂ) ဇမ္ဘူရောင်ကွန့် (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မှိုင်းရိပ်ကယ်တည့်ဝေမှောင် (ကြိုး)
(ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
(ဂ) ဝိဇ္ဇာတောလား (ယိုးဒယား)

၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သည်ဆောင်းဟေမန် (ဘွဲ့)
(ခ) သီရိရတနာ (ကာလပေါ်)
(ဂ) ကုဏ္ဍလာအိုင် (ယိုးဒယား)

၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) မဂ်လာဆယ့်နှစ်ပါး (ကာလပေါ်)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

"ဂီတာ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ကြဲကြဲဖန်ဖန် (ယိုးဒယား)
(ခ) တောမြိုင်စွန်းကလွမ်းအောင်ဖန် (ယိုးဒယား)
(ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဃ) ပုံပမာ (ကြိုး)
(c) မြမြမောင်းမောင်း (ပတ်ပျိုး)
(စ) ဖြူပြာမူယာ (ပတ်ပျိုး)
(ဆ) အမင်းမင်းခရ (သီချင်းခံ)
(ဇ) မန္တလာဘုံ (ဘွဲ့)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ခ) စန္ဒကိန္နရီ (ကာလပေါ်)(ဒေါ်လှရွှေ)
(ဂ) တောနှင့်တောင်စွယ် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မြိုင်ကြီးဟေမာ (ယိုးဒယား)
(ခ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ပွင့်ဦး (ကာလပေါ်)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) ကျွန်းကျွန်းပိုင်သ (ကြိုး)

၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သီလာမြေယံ (ကြိုး)
(ခ) မှန်ရဝေ (ပတ်ပျိုး)
(ဂ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

"ဒုံမင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
(ခ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဂ) ဟေမဝန်ချာ (ဘွဲ့)
(ဃ) ခိုင်ပန်းစုံ (ယိုးဒယား)
(c) အောင်မြေမြမန်း (ပတ်ပျိုး)
(စ) မှိုင်းမှိုင်းမြ (သီချင်းခံ)
(ဆ) ခါန္ဓေဆန်းလန်းစီစီ (ယိုးဒယား)
(ဇ) ဒီပါဇမြ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
(ခ) နုံ့သာနီတောင် (ပတ်ပျိုး)
(ဂ) ကျေးစေတမန် (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သုဝဏ္ဏသျှံ (ကာလပေါ်)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) တောနှင့်တောင်စွယ် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) နန်းသီဟိုဠ် (ယိုးဒယား)
(ခ) အန္တရာယ်ကင်း (ကာလပေါ်)
(ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သီလာမြေယံ (ကြိုး)
(ခ) မဟာဇနက (ကာလပေါ်)(ဒေါ်မေရှင်)
(ဂ) မှန်ညောင်သန္တာ (ဘွဲ့)

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

"ဆိုင်းတစ်ဦးချင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) နှင်းယွန်းဂိမ္မာန် (မွန်)
(ခ) မဏိကဠနာ (ပတ်ပျိုး)
(ဂ) မှိုင်းပြာမှုံဝေ (ပတ်ပျိုး)
(ဃ) ညာသပြေဘောင် (ကြိုး)
(c) ယသော်ဓရာ (ယိုးဒယား)
(စ) သောင်းရွှေလယ် (ယိုးဒယား)
(ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဇ) ရွှေပန်းပန်ငယ်နှင့် ကိုယ်တော်နှင်းနုံ့ (လေးထွေသံကပ်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ရှစ်စုံရွက်ကြာ (ပတ်ပျိုး)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) အမင်းမင်းခရ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) သီလာမြေယံ (ကြိုး)
(ခ) ခေါ်ပါယောင် ဝတ်တော်ရုံ (ဝတ်တော်ရုံဘွဲ့)
(ဂ) ဆန်းနွေဦး (ယိုးဒယား)

၄။ အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ကုဏ္ဍလာအိုင် (ယိုးဒယား)
(ခ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဂ) ရွှေပင်ရွှေဘုန်းပပဝင်း (ကြိုး)

၅။ အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) လာချေပြီ (ကြိုး)
(ခ) ဇေယျာမြို့ (ကြိုး)
(ဂ) မြမန်းဂီရိ (ယိုးဒယား)

❖ **စာမျက်နှာ ၆ မှ**

ဗီယက်နမ်– အမေရိကန် စစ်ပွဲမှာလည်း တိုက်ခိုက်မှုတွေကြောင့် ဗီယက်နမ်အရပ်သား ပြည်သူနှစ်သန်းခန့်အထိ သေကျေခဲ့ကြရပါတယ်။ အမေရိကန် ဗုံးကြဲလေယာဉ်တွေကနေ လိမ္မော်ရောင်အေးဂျင့်လို့ အမည်ရတဲ့ အပင်ပိုးသတ်ဓာတုဆေးရည် ၁၆ ဒသမ ၂ ဂါလန်ကို ကြဲချတိုက်ခိုက်မှုကြောင့် ဗီယက်နမ်ကလေးသူငယ် ငါးသိန်းခန့် မျိုးဗီဇ ချို့ယွင်းရောဂါတွေ ရရှိခဲ့ကြပြီး လူကြီး လေးသိန်းခန့် သေဆုံးခဲ့ကြရကြောင်း သိရှိရပါတယ်။ ကမ္ဘောဒီးယားနဲ့ လာအိုပြည်တွင်းစစ်များမှာ အမေရိကန်ပါဝင်ပတ်သက်မှုတွေနဲ့အတူ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံခဲ့ရတဲ့ အရပ်သား အရေအတွက်ပေါင်းဟာလည်း ၄ ဒသမ ၂ သန်းအထိ ရှိခဲ့တယ်လို့ မှတ်တမ်းတွေက ဆိုပါတယ်။

အာရှဘက်အပြီး အရှေ့အလယ်ပိုင်းဘက် လှည့်ကြည့်ပြန်ရင်လည်း ထိုနည်းလည်းကောင်းပါပဲ။ ၂၀၀၁ ခုနှစ် 9/11 အကြမ်းဖက်တိုက်ခိုက်မှုက စလို့ အာဖဂန်နစ္စတန်နဲ့ ၂၀၀၃ ခုနှစ် အီရတ်ကို အမေရိကန်ဝင်ရောက်ကျူးကျော်ပြီး ဖြစ်ခဲ့ရတဲ့ အီရတ်၊ အာဖဂန်နစ္စတန် စစ်ပွဲဇုန်တွေမှာ အရပ်သားအမြောက်အမြား စစ်ရဲ့သားကောင်ဘဝက မလွတ်ခဲ့ကြပါဘူး။ မှတ်တမ်းအရ အီရတ် တစ်သန်းခန့်နဲ့ အာဖဂန် သုံးသိန်းခန့်အထိ သေကျေပျက်စီးခဲ့ကြတယ်လို့ ဆိုပါတယ်။

အထက်ပါအချက်အလက်တွေဟာ သမိုင်းနှစ်ပေါင်းရာနဲ့ချီပြီးမှလည်းကောင်း၊ မဝေးသေးတဲ့ အတိတ်ကာလများဆီမှလည်းကောင်း လက်လှမ်းမီသမျှ စုစည်းမိတဲ့အချက်အလက်တွေပဲ ရှိပါသေးတယ်။ CIA ပါဝင်မှုနဲ့ သူတို့မကြိုက်တဲ့အစိုးရတွေကို ဖြုတ်ချအာဏာသိမ်းပြီး ပဋိပက္ခအတွင်းမှာ ထိခိုက်သေဆုံးကြရတဲ့အရပ်သားစာရင်းတွေ မပါသေးပါဘူး။

အချုပ်အားဖြင့်တော့ မြန်မာနိုင်ငံအပေါ် Genocide ဆိုတဲ့ စွပ်စွဲချက်ကြီးဟာ ယခင်ဓာတ်ပြားဟောင်းကြီးတစ်ခုသာသာပါပဲ။ ဆက်ပြီးတော့လည်း လုပ်ကြံဖန်တီး စော်ကားနေဦးမှာ ဖြစ်ပါတယ်။ တစ်ခုရှိတာက ယခုလို အဖြစ်အပျက်တွေကနေ သင်ခန်းစာယူတတ်ဖို့နဲ့ တစိုက်မတ်မတ် ခေါင်းစဉ်တပ်စွပ်စွဲနေခြင်းရဲ့ နောက်ကွယ်ကရည်ရွယ်ချက်နဲ့ ပါဝင်ပတ်သက်နေတဲ့ ပယောဂတွေကို မြင်တတ်၊ ကြည့်တတ်ဖို့ပါပဲ။ Genocide ခေါင်းစဉ်အောက်ကနေ အခြေအနေ အချိန်အခါကိုက် ကြားထဲက အမြတ်ထုတ်သွားမယ့် နိုင်ငံတွေ၊ လူပုဂ္ဂိုလ်တွေ၊ နိုင်ငံရေးအမြတ်ထုတ်ကြမယ့် နိုင်ငံတချို့က နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ ရှိနေနိုင်ပါလားဆိုတာကိုလည်း ထည့်တွက်ရပါမယ်။ အဓိကကညီညွတ်ဖို့လိုပါတယ်။ တိုင်းရင်းသားတွေ၊ နိုင်ငံသားတွေအားလုံး မစည်းလုံးရင်တော့ ကိုယ့်တိုင်းရင်းသားတွေအရေး လျစ်လျူရှုခံရပြီး သူများအပြစ် ကိုယ့်အပြစ်ဖြစ်သွားပါလိမ့်မယ်။

အဆုံးမှာတော့ မိမိမှာ စဉ်းစားမိတာတစ်ခုပေါ်လာပါတယ်။ "ဒီလောက် ဂျီနိုဆိုက်နဲ့ စွပ်စွဲခံနေရတဲ့ နိုင်ငံတစ်နိုင်ငံထဲကို တစ်ဖက်နိုင်ငံက ခိုးဝင်တွေ မိမိနိုင်ငံရဲ့ အပေါက်ပေါင်းစုံကနေ ဘာကြောင့်များ ဝင်လာမစဲတသဲသဲဖြစ်နေရတယ်" ဆိုတာကို စဉ်းစားရင်းနဲ့ပဲ နိဂုံးချုပ်လိုက်ရပါတယ်။ ။

လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ ပြည်ထောင်စုခန်းမ (ပင်မဆောင်)နှင့် ဆက်စပ်အဆောက်အအုံများ ပြုပြင်ထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ ပြည်ထောင်စုခန်းမ (ပင်မဆောင်)နှင့် ဆက်စပ်အဆောက်အအုံများ ပြုပြင်နေမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ခြံစည်းရိုးကာရံခြင်းနှင့် အဝင်လမ်းသစ်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုခန်းမရှေ့ အဝင်လမ်းဆောင်ရွက်မည့် နေရာနှင့် လုပ်ငန်းစီမံချက် အခြေအနေတို့ကိုလည်းကောင်း၊ ခြံစည်းရိုးနှင့် ပင်မဂိတ်တံခါး ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို လည်းကောင်း၊ ပြည်ထောင်စုခန်းမ ပြင်ပဓရိယာတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပြည်ထောင်စုခန်းမ(ပင်မဆောင်)နှင့် ဆက်စပ်အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းနှင့် အနောက်ခြမ်းဆက်သွယ်ရာတွင် အရေးပါသည့် တိုက်ကြီး-ဖူးကြီး-ဖောင်ကြီး-ပဲခူးလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အရည်အသွေးပြည့်မီရန် အထူးအလေးထား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးကျော်ထွဋ်နှင့်အတူ ပဲခူးမြို့ရှိ ပညာရှိပ်သာ အိမ်ရာစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အချိန်မီပြီးစီးရေး တွန်းအားပေး ဆောင်ရွက်ရန်လိုကြောင်း၊ လက်ရာသေသပ်ကောင်းမွန်ပြီး အရည်အသွေးပြည့်မီရန် အထူးအလေးထား ဆောင်ရွက်ရန်မှာကြားပြီး အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးတက္ကသိုလ်ဝင်းအတွင်း တည်ဆောက်နေသော ပညာရှိပ်သာ အိမ်ရာဝင်းစီမံကိန်းတွင် အိပ်ခန်း တစ်ခန်းပါ ရှစ်ခန်းတွဲ လေးထပ်တိုက် တစ်လုံး၊ အိပ်ခန်း နှစ်ခန်းပါ ရှစ်ခန်းတွဲ လေးထပ်တိုက် နှစ်လုံး၊ အိပ်ခန်း သုံးခန်းပါ ရှစ်ခန်းတွဲ လေးထပ်တိုက် တစ်လုံး စုစုပေါင်း အဆောက်အအုံ လေးလုံး၊ အိမ်ခန်းပေါင်း ၁၂၈ ခန်း ပါရှိသည်။ ထို့အပြင် Community Center အဆောက်အအုံ တစ်လုံး၊ Gym အဆောက်အအုံ တစ်လုံး ပါရှိပြီး တက္ကသိုလ်မှ ဆရာ ဆရာမနှင့် ဝန်ထမ်း စုစုပေါင်း ၁၂၈ ဦးတို့ နေထိုင်အသုံးပြုနိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပဲခူးမြို့နှင့် အမြန်လမ်းမကြီး မိုင်တိုင်(၃၂/၆ နှင့် ၃၂/၇)ကြား Underpass သို့ ချိတ်ဆက်မည့် အရှည် ရှစ်မိုင် တစ်ဖာလုံ လမ်းသစ်ဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လမ်းသစ်ဖြစ်သည့် အတွက် သတ်မှတ်ထားသည့် လမ်းဒီဇိုင်းအတိုင်း စနစ်တကျဆောင်ရွက်ရန်၊ ကွန်ကရစ်လမ်းဖြစ်သည့် အတွက် စတင်ဆောင်ရွက်စဉ်ကပင် အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် တည်ဆောက်ရေးပစ္စည်းများ စုဆောင်းခြင်းများ ကြိုတင်ဆောင်ရွက်ထားရန် မှာကြားပြီး လမ်းအူကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီး (တိုင်းအဆင့်) ပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် သြဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(တိုင်းအဆင့်) ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက် ၈ နာရီမှ စတင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် ပြိုင်ပွဲဝင် မျိုးဆက်သစ်လူငယ်များသည် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၊ အိုးစည်အဖွဲ့လိုက်ပြိုင်ပွဲနှင့် ဒိုးပတ်အဖွဲ့လိုက်ပြိုင်ပွဲများကို ဝါသနာရှင် ပထမတန်းအဆင့်နှင့် ဝါသနာရှင် ဒုတိယတန်းအဆင့် ယှဉ်ပြိုင်ကြသည်။

ကြည့်ရှုအားပေး

မွန်းလွဲပိုင်းတွင် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲကို ကျင်းပရာ ဝါသနာရှင် ပထမတန်းအဆင့် အမျိုးသားဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ဦးဗိုလ်ဟိန်းနှင့်အဖွဲ့၊ ဝါသနာရှင် ပထမတန်းအဆင့် အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ပေါက်ကျော်မနှင့်အဖွဲ့တို့ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ဝါသနာရှင် ဒုတိယအဆင့် အမျိုးသားဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ဇာမဏီသန်းဇော်နှင့်အဖွဲ့၊ ဦးချစ်စုနှင့်အဖွဲ့၊ ဦးအောင်ကြည်ခိုင်နှင့်အဖွဲ့၊ အမျိုးသမီးဆိုင်း အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒေါ်မြတ်နိုးခင်နှင့်အဖွဲ့တို့ ယှဉ်ပြိုင်တီးခတ်နေမှုတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဥပဒေချုပ် ဦးငွေးအောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်နှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် မျိုးဆက်သစ်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့သည် ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲအကဲဖြတ်ပညာရှင် ဒိုင်အဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြောင်း သိရသည်။

ကိုကိုဇော်(သတင်းစဉ်)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် သြဂုတ် ၂၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာ ချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၄/၂၀၂၂)အား (၅-၉-၂၀၂၂)ရက်နေ့မှ (၁၄-၁၀-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄ဖ
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁ဖဝ၉၊ ၈၃လမ်း၊ ၂၅ x၂ဖလမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃ဖ၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁ဖ
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်
  စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀ဖ၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွာငံ)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရွာငံမြို့၊ ဖုန်း- ၀၉- ၇၈၁၁ဖ၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

သတင်းစဉ်

လာမည့်ပညာသင်နှစ်တွင် အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍများတွင် ကျောင်းတက်နှုန်းမြင့်မားရေးအတွက် အလေးထားဆောင်ရွက်

နေပြည်တော် သြဂုတ် ၂၉

ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများအတွက် အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပို့ချပေးသွားမည်

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ဖွင့်လှစ်သည့် အရည်အသွေးမြှင့်သင်တန်းတွင် ပညာရေးနှင့်ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ ခေါင်းဆောင်မှုနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများ၊ စီမံရေးရာနှင့် သင်တန်းရေးရာကိစ္စများ စသည်ဖြင့် ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဆရာ ဆရာမများအနေဖြင့် လက်ရှိရာထူးတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သဖြင့် မသိသေးသည့် အကြောင်းအရာများ သိအောင်၊သိပြီးသားအကြောင်းအရာများ ပိုမိုနားလည်တတ်ကျွမ်း၍ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်အောင် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

ဆရာကြီး ဆရာမကြီးများသည် ပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးချုပ်များကို တာဝန်ခံရသည့် ဒုတိယအကြီးအမှူးများဖြစ်သည့်အတွက် အကြောင်းအရာမျိုးစုံအတွက် တာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ ပညာရေးတွင် မည်သည့်နေရာဒေသတွင် တာဝန်ထမ်းဆောင်ကြရသည်ဖြစ်စေ ပညာရေးတိုးတက်အောင် ဆောင်ရွက်ရေးသည် ဆရာကြီး ဆရာမကြီးများတွင် တာဝန်အပြည့်ရှိကြောင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ဤသင်တန်းတွင် နိုင်ငံ၏ပညာရေးအားနည်းမှုများ မည်သို့ကုစားဆောင်ရွက်ရမည်ကို ဆွေးနွေးအဖြေရှာကာ အုပ်စုအလိုက် တင်ပြဆွေးနွေးကြစေလိုကြောင်း၊ လာမည့်ပညာသင်နှစ်တွင် အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍများတွင် ကျောင်းတက်နှုန်း မြင့်မားရေးအတွက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံရေးကင်းရှင်းသည့် ပညာရေးဖြစ်ရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို အတန်းတိုင်းအဆင့်တိုင်းတွင် တတ်အောင်သင်ကြားပေးရေးသည် ပညာရေးဝန်ကြီးဌာန၏ တာဝန်ဖြစ်ကြောင်း၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး မေတ္တာထား၍ ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

သင်တန်း နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက စီမံအုပ်ချုပ်မှုရေးရာ ကိစ္စများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အနာဂတ် ပညာရေးကိုပုံဖော်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း သင်ကြားပို့ချကြသည်။ သင်တန်းကို သြဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၂ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တက္ကသိုလ်ကျောင်းသား ကျောင်းသူများ စာမေးပွဲများ ဖြေဆိုပြီးစီး၍ နေရပ်များသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် သြဂုတ် ၂၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်အသီးသီးတွင် မေ ၁၂ ရက်မှ သြဂုတ် ၁၂ ရက်အထိ ဘွဲ့လွန်နှင့် ဘွဲ့ကြိုစာသင်နှစ်ဝက်သင်တန်းများကို ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားခဲ့ကြပြီး သြဂုတ် ၁၇ ရက်မှ ၂၇ ရက်အထိ ကျင်းပသည့် နှစ်ဝက်စာမေးပွဲများကို ကောင်းမွန်စွာဖြေဆိုခဲ့ကြသည်။

ပြန်လည်ထွက်ခွာ

ယခုအခါ ကျောင်းသား ကျောင်းသူများသည် ဆရာ ဆရာမများထံ သတင်းပို့၍ မိမိတို့နေရပ်များသို့ ပြန်လည်ထွက်ခွာသွားကြရာ သက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများက ကြီးကြပ်ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့်အဖွဲ့က နေရပ်ပြန်ကျောင်းသား ကျောင်းသူများအား သြဂုတ် ၂၆ ရက်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

မန္တလေးတက္ကသိုလ်တာဝန်ရှိသူများက နေရပ်ပြန်ကျောင်းသား ကျောင်းသူများအား ပို့ဆောင်ပေးစဉ်။

ပြည်တက္ကသိုလ် ပါမောက္ခချုပ်နှင့်အဖွဲ့က နေရပ်ပြန်ကျောင်းသား ကျောင်းသူများအား သြဂုတ် ၂၆ ရက်က ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

မတ္တရာမြို့နယ်၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်ချက်များ ဆောင်ရွက်ပေး

မတ္တရာ သြဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် သရက္ကန်တောင်ကျေးရွာတွင် ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်ချက်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းက နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ ဆွေးနွေးပြောကြားခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဒေသခံပြည်သူများက မိမိတို့ကျေးရွာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံသားစိစစ်ရေး

ကတ်ပြား ပြုလုပ်ပေးခြင်း၊ လဲလှယ်ပေးခြင်းနှင့် အိမ်ထောင်စု လူဦးရေ စာရင်းများ စိစစ်၊ လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

စိုးကျော်သူထွေး(မတ္တရာ)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၈-၂၀၂၂

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၅၇၀	၂၆၁၅	၂၆၁၀	၂၅၈၀	၂၆၁၅	၂၆၄၀	၂၆၂၅	၂၆၀၅	၂၆၉၅	၂၇၁၀	၂၆၁၀	၂၆၁၅	၂၆၅၀	၂၆၅၅	၂၆၅၅	၂၈၇၅	၃၂၀၅
95 Ron	၂၆၃၅	၂၆၈၀	၂၆၈၀	၂၆၄၅	၂၆၈၀	၂၇၀၅	၂၆၉၀	၂၆၆၅	၂၇၆၀	၂၇၇၅	၂၆၇၅	၂၆၉၀	၂၇၁၅	၂၇၁၅	၂၇၂၀	၂၉၄၀	၃၂၇၅
HSD (500 ppm)	၃၂၅၅	၃၃၀၀	၃၂၉၅	၃၂၆၅	၃၃၀၀	၃၃၂၅	၃၃၂၀	၃၂၈၅	၃၄၀၀	၃၃၉၅	၃၂၉၅	၃၃၀၀	၃၃၃၅	၃၃၄၀	၃၃၄၀	၃၅၆၀	၃၈၈၅
HSD (50 ppm)	၃၃၃၅	၃၃၈၅	၃၃၈၀	၃၃၄၅	၃၃၈၀	၃၄၀၅	၃၄၀၀	၃၃၇၀	၃၄၈၅	၃၄၈၀	၃၃၇၅	၃၃၈၅	၃၄၂၀	၃၄၂၀	၃၄၂၀	၃၆၄၀	၃၉၂၀
HSD (10 ppm)	၃၃၃၅	၃၃၈၅	၃၃၈၀	၃၃၄၅	၃၃၈၀	၃၄၀၅	၃၄၀၀	၃၃၇၀	၃၄၈၅	၃၄၈၀	၃၃၇၅	၃၃၈၅	၃၄၂၀	၃၄၂၀	၃၄၂၀	၃၆၄၀	၃၉၂၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၄၅၆	၂၅၃၉
95 Ron	၂၅၁၈	၂၆၀၂
HSD (500 ppm)	၃၁၂၀	၃၂၁၂
HSD (50 ppm)	၃၂၀၀	၃၂၉၄
HSD (10 ppm)	၃၂၀၀	၃၂၉၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်အောင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

မြန်အောင် သြဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော အဖွဲ့နှစ်ဖွဲ့က ယနေ့နံနက်ပိုင်းက မျှင်ဝါးတောင်ကျေးရွာအုပ်စုနှင့် ကညင်ဥကျေးရွာအုပ်စုတို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံရာတွင် မျှင်ဝါးတောင်ကျေးရွာအုပ်စု၊ ကညင်ဥကျေးရွာအုပ်စုတို့မှ ကျေးလက်နေပြည်သူများအား ဆန်နှင့် ကြက်ဥများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ကျောင်းကျန်းမာရေးဟောပြောပွဲနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြသည်။

မြန်အောင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်းမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက ဒေသအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်အောင်(ပြန်/ဆက်)

လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုအတွက် မိသားစုအကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် သြဂုတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာလူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော လှိုင်သာယာအနောက်ပိုင်းမြို့နယ် အနော်ရထာ စက်မှုဇုန်ရှိ ချန်းရိဖိနပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်ခင်နှင်းရီဝင်းသည် မေ ၁၉ ရက်တွင် စက်ရုံသို့လာရောက်စဉ် ကားဖြင့်မတော်တဆ တိုက်မိပြီး သေဆုံးသွားခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး၊ ငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါချန်းရိဖိနပ်စက်ရုံ၌ ပြုလုပ်သည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးရဲဇော်ဝင်းက သေဆုံးသူဒေါ်ခင်နှင်းရီဝင်း၏ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၄၃၂၀၀၀၀ ကို ကျန်ရစ်သူမိသားစု ခံစားခွင့်ရရှိသူနှင့် စက်ရုံမှတာဝန်ရှိသူများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေးစနစ်သစ်နှင့်ပတ်သက်သည့် သိကောင်းစရာများ

သတင်းအဖွဲ့

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူခြင်းကိစ္စနှင့်ပတ်သက်ပြီး တာဝန်ရှိသူများဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူး(လူ့စွမ်းအားအရင်းအမြစ်) ဒေါက်တာချောစုမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး(ဝန်ကြီးရုံး) ဒေါက်တာသန်းနိုင်စိုးတို့နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

မေး။ ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ခေါ်ယူရေးစနစ်သစ်ကို မည်သည့်ရည်ရွယ်ချက်နဲ့ ပြောင်းလဲလိုက်သလဲဆိုတာ သိပါရစေ။

ဖြေ။ ၁၉၆၄ ခုနှစ်ကစတင်ပြီး ၂၀၂၀ ပြည့်နှစ်အထိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိဆေးတက္ကသိုလ်တွေနဲ့ ဆေးပညာနီးနွယ်တက္ကသိုလ်တွေရဲ့ ဝင်ခွင့်ရွေးချယ်ရေးစနစ်ကို တက္ကသိုလ်ဝင်စာမေးပွဲမှာ သိပ္ပံဘာသာတွဲ(အတွဲ-၇)နဲ့ အောင်မြင်ပြီးတဲ့ ကျောင်းသား ကျောင်းသူတွေကို တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)သို့ လိပ်မူလျှောက်ထားစေပြီးတော့ ဦးစားပေးလျှောက်ထားမှုနဲ့ ဘာသာစုံ ခြောက်ဘာသာ ရမှတ်ပေါင်းကို အခြေခံပြီး အမှတ်အများဆုံးရရှိသူတွေကိုသာ ရွေးချယ်တဲ့စနစ်ကို ကျင့်သုံးခဲ့ပါတယ်။

နိုင်ငံတကာမှာ ကျင့်သုံးလျက်ရှိတဲ့ဆေးတက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးစာမေးပွဲတွေကို လေ့လာရာမှာ ဝင်ခွင့်စာမေးပွဲ (Admission Test) အသီးသီးစစ်မေးပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ကို ဆောင်ရွက်လျက်ရှိတာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေဖြစ်တဲ့ ရန်ကုန်နည်းပညာတက္ကသိုလ်(Yangon Technological University – YTU)၊ မန္တလေးနည်းပညာတက္ကသိုလ် (Mandalay Technological University – MTU)နဲ့ နည်းပညာတက္ကသိုလ် (မန္တလေး) (Technological University, Mandalay – TUM)တို့ဟာ ၂၀၁၇ ခုနှစ်အထိ လျှောက်ထားသူတွေထဲက ဘာသာစုံ စုစုပေါင်းရမှတ်များတဲ့သူကို အခြေခံပြီး ရွေးချယ်ခဲ့ပေမယ့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူတွေကစပြီး ခြောက်ဘာသာ ရမှတ်ပေါင်းအပြင် အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ လေးဘာသာ ရမှတ်ပေါင်းကိုပါမူတည်ပြီးတော့ အမှတ်များတဲ့သူကို ရွေးချယ်တဲ့စနစ်နဲ့ ပြင်ဆင်ကျင့်သုံးဆောင်ရွက်ခဲ့တာကို တွေ့ရှိရပါတယ်။

ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနဟာ စီမံချက်တွေ စနစ်တကျချမှတ်ပြီး ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝပြီး စိတ်ဓာတ်နဲ့ခံယူချက်ကောင်းမွန်တဲ့ ဆရာဝန်တွေကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါတယ်။ ဒီလိုမွေးထုတ်တဲ့အခါမှာ ယခင်က ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ရွေးချယ်ရေးစနစ်ကို ခြောက်ဘာသာ အမှတ်ပေါင်း အများဆုံးရသူတွေကိုသာ ရွေးချယ်တက်ရောက်ခွင့်ပြုခဲ့ရာမှ ယခုနှစ် စနစ်သစ်မှာတော့ တက္ကသိုလ်ဝင်စာမေးပွဲမှာရရှိခဲ့တဲ့ ခြောက်ဘာသာ အမှတ်ပေါင်း ၄၅၀ ပြည့်သူတွေထဲက ဆေးပညာနဲ့ သက်ဆိုင်တဲ့ ဘာသာသုံးခုဖြစ်တဲ့ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ ဘာသာရပ်တွေမှာ ထူးချွန်ပြီး အဲဒီသုံးဘာသာပေါင်းရမှတ်များတဲ့သူတွေကို ဝင်ခွင့်စာမေးပွဲဖြေဆိုစေပြီး ရွေးချယ်တက်ရောက်ခွင့်ပြုမယ့်စနစ်အဖြစ် ပြောင်းလဲထားတာဖြစ်ပါတယ်။

ဒီလိုပြောင်းလဲဆောင်ရွက်ခြင်းအားဖြင့် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ရွေးချယ်ရေးစနစ်ဟာ အခြားအသက်မွေးဝမ်းကျောင်း တက္ကသိုလ်များနည်းတူ ကျင့်သုံးဆောင်ရွက်နိုင်မှာဖြစ်ပြီး ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မယ့် ဆေးပညာကို အမှန်တကယ်စိတ်ဝင်စားတဲ့ စိတ်ဓာတ်နဲ့ ခံယူချက်ကောင်းမွန်တဲ့ မျိုးဆက်သစ်ဆရာဝန်တွေ၊ သွားဘက်ဆိုင်ရာဆရာဝန်တွေကို ရွေးချယ်နိုင်မှာ ဖြစ်ပါတယ်။

ဒေါက်တာချောစုမောင်

ဒေါက်တာသန်းနိုင်စိုး

မေး။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူတွေအတွက် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေရဲ့ ဝင်ခွင့်ခေါ်ယူရေးစနစ်နဲ့ ပတ်သက်လို့ ဘယ်လိုဘယ်ပုံ ရွေးချယ်ခေါ်ယူမယ်ဆိုတာကို သိပါရစေ။

ဖြေ။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူတွေအနက် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေကို ပထမဦးစားပေးလျှောက်ထားလာသူတွေရဲ့ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်တွေကို အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ရုံးခွဲမှာ စိစစ်ရေးတာဝန်ခံအဖွဲ့ထားရှိပြီး လက်ခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ လျှောက်ထားလာတဲ့ သင်တန်းရွေးချယ်မှုကတ်ပြားမှာ ကျောင်းသား ကျောင်းသူတွေ ဖြည့်သွင်းထားတဲ့ တက္ကသိုလ်ဦးစားပေးအစီအစဉ်ကို စိစစ်ခြင်း၊ ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုရှိ/မရှိ စိစစ်ခြင်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ခြောက်ဘာသာရမှတ်စုစုပေါင်းအမှတ် ၄၅၀ နဲ့အထက် ရရှိသူတွေအနက် (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) သုံးဘာသာရမှတ်ပေါင်းအများ/အနည်းပေါ်မူတည်၍ အမှတ်အများဆုံးရရှိပြီး ဆေးတက္ကသိုလ်သို့ ပထမဦးစားပေး လျှောက်ထားသူတွေကို ပဏာမအဆင့် ရွေးချယ်ခံရသူတွေအဖြစ် သတ်မှတ်ထားရှိမှာဖြစ်ပါတယ်။

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူတွေအနက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို လျှောက်ထားသူတွေအတွက်ကတော့ ခြောက်ဘာသာရမှတ် စုစုပေါင်းအမှတ် ၄၅၀ နဲ့အထက် ရရှိသူတွေအနက် (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) သုံးဘာသာရမှတ်ပေါင်း အများ/အနည်းပေါ်မူတည်ပြီး အမှတ်အများဆုံး ရရှိထားသူတွေထဲကမှ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေကို ပထမဦးစားပေးလျှောက်ထားသူတွေနဲ့ ဆေးတက္ကသိုလ်တွေအတွက် ပဏာမရွေးချယ်လျှာထားဦးရေ ပြည့်သွားတဲ့အတွက်ကြောင့် ဆေးတက္ကသိုလ်တွေကို ဝင်ခွင့်မရရှိတဲ့သူများမှ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ဒုတိယဦးစားပေး လျှောက်ထားသူတွေကို ပဏာမအဆင့်အနေနဲ့ ရွေးချယ်သွားမှာဖြစ်ပါတယ်။

ဆေးတက္ကသိုလ်နဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေရဲ့ ပဏာမအဆင့်ရွေးချယ်မှုတွေပြီးရင် ဒုတိယအဆင့် ရွေးချယ်မှုအနေနဲ့ကတော့ ပဏာမအဆင့်ရွေးချယ်ထားတဲ့ ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ဖြေဆိုခွင့်ရရှိမယ့် သတ်မှတ်ဦးရေအတွင်း အကျုံးဝင်သူတွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ဖြေဆိုခွင့်ရရှိမယ့် သတ်မှတ်ဦးရေ အကျုံးဝင်သူတွေကို လူတွေ့နှုတ်မေး စာမေးပွဲစစ်ဆေးသွားမှာဖြစ်ပါတယ်။ ဒုံအပြင် ပဏာမရွေးချယ်ထားသူအားလုံးဟာ စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်ခြင်း(ရေးဖြေ)စာမေးပွဲကိုလည်း ဝင်ရောက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

သင်တန်းသား အပြီးသတ်ရွေးချယ်ခြင်းအနေနဲ့ကတော့ (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) သုံးဘာသာပေါင်းရမှတ်နဲ့ လူတွေ့နှုတ်မေးစစ်ဆေးခြင်းရမှတ်အပေါ် မူတည်ပြီးတော့ အမှတ်(အများ/အနည်း)အလိုက်စီပြီး အမှတ်အများဆုံးရရှိတဲ့သူတွေကို ဆေးတက္ကသိုလ်တွေအတွက် သတ်မှတ်ဦးရေပေါ်မူတည် ရွေးချယ်သွားမှာဖြစ်ပါတယ်။

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေအတွက်ကတော့ (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) သုံးဘာသာပေါင်းရမှတ်နဲ့ လူတွေ့နှုတ်မေးစစ်ဆေးခြင်းရမှတ်အပေါ် မူတည်ပြီးတော့ အမှတ်(အများ/အနည်း) အလိုက်စီပြီး အမှတ်အများဆုံး ရရှိတဲ့သူတွေကို သတ်မှတ်ဦးရေပေါ်မူတည်ပြီး ရွေးချယ်သွားမှာဖြစ်ပါတယ်။

ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဖြေဆိုပြီး ရွေးချယ်ခြင်းမခံရသော်လည်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များကို ဒုတိယဦးစားပေးအဖြစ် လျှောက်ထားသူတွေဟာ ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲနဲ့ စိတ်ပိုင်းဆိုင်ရာဆန်းစစ်ခြင်း(ရေးဖြေ)စာမေးပွဲကို ထပ်မံဖြေဆိုဖို့မလိုဘဲ ဆေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေဆိုသူအနေနဲ့ပဲ ၎င်းရရှိထားတဲ့ရလဒ်ကိုပြန်လည်ထည့်သွင်းတွက်ချက်သွားမှာ ဖြစ်ပါတယ်။

ဒီလိုရွေးချယ်ရာမှာ အခြားတက္ကသိုလ်တွေ (ဌပမာ-ရန်ကုန်နည်းပညာတက္ကသိုလ် စသည်တို့)ကို ဦးစားပေးလျှောက်ထားခဲ့ပြီးတော့ သက်ဆိုင်ရာ တက္ကသိုလ်တွေက ရွေးချယ်ခြင်းမခံရသူတွေအနေနဲ့ သတ်မှတ်ထားတဲ့ (အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ) သုံးဘာသာပေါင်း အနိမ့်ဆုံးရမှတ်ကိုပြည့်မီပြီး တက္ကသိုလ်ဝင်ခွင့် သင်တန်းရွေးချယ်မှုကတ်ပြားပါ ဦးစားပေးအစီအစဉ်အရ ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေကို ဖော်ပြလျှောက်ထားခဲ့သူတွေအနေနဲ့လည်း သက်ဆိုင်ရာ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိနိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။ ဒါကြောင့် အကယ်၍ သူတို့အနေနဲ့ ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေကို တက်ရောက်လိုရင် ၎င်းတို့ကို စိစစ်ရွေးချယ်နိုင်ရေးအတွက် လူတွေ့နှုတ်မေးစာမေးပွဲနဲ့ စိတ်ပိုင်းဆိုင်ရာ ဆန်းစစ်ခြင်း(ရေးဖြေ)စာမေးပွဲတွေ ထပ်မံကျင်းပပေးမှာ ဖြစ်ပါတယ်။

မေး။ စနစ်သစ်ရွေးချယ်ရာမှာ လူတွေ့နှုတ်မေးစနစ်ကိုပါ ထည့်သွင်းဆောင်ရွက်မယ်လို့ သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ အသေးစိတ်ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ လူတွေ့နှုတ်မေးစစ်ဆေးရာမှာ ကိုယ်ချင်းစာနာမှု (Empathy)၊ ရိုးသားတည်ကြည်မှု (Honesty and integrity)၊ ဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ဆန္ဒရှိမှု(Motivation)၊ ရှင်းလင်းပြတ်သားစွာ ပြောဆိုဆက်ဆံနိုင်မှု (Communication Skill)၊ ကျင့်ဝတ်သိက္ခာရဲ့ တန်ဖိုးကိုနားလည်မှု (Ethical Awareness)၊ တာဝန်သိမှုနှင့် အလုပ်ကို လေးစားမှု (Respect the Duties)၊ ခံယူချက်(Attitude)၊ ပြုမူပြောဆိုဆောင်ရွက်မှု(Behaviour)၊ ဆရာဝန်တစ်ယောက်ရဲ့ ဆေးပညာရပ်အပေါ်ထားရှိရမည့် စိတ်နေသဘောထား (Attitude towards Professionalism) နဲ့ ပတ်သက်ပြီး မေးခွန်းများ မေးမြန်းသွားမှာဖြစ်ပါတယ်။

အဲဒါကြောင့် လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ အဲဒီအကြောင်းအရာတွေကို ကြိုတင်လေ့လာထားဖို့ လိုအပ်ပါတယ်။

မေး။ အခြားပြောကြားလိုတဲ့ အချက်တွေရှိရင် ပြောကြားပေးပါ။

ဖြေ။ ယခုနှစ်မှာ ထူးခြားချက်အနေနဲ့ကတော့ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေကို ဝင်ခွင့်ရရှိသူတွေဟာ နိုင်ငံတော်အစီအစဉ်နဲ့ပညာသင်ကြားခွင့်(သို့မဟုတ်) မိမိအစီအစဉ်နဲ့ ပညာသင်ကြားခွင့်ကို ရွေးချယ်ပိုင်ခွင့်ရရှိကြမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစီအစဉ်နဲ့ဆိုရင် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေမှာ တက္ကသိုလ်သင်တန်းကြေးအဖြစ် တစ်လလျှင်ငွေကျပ် ၈၀၀ ပေးသွင်းရမှာဖြစ်ပြီး မိမိအစီအစဉ်နဲ့ဆိုရင် ဆေးတက္ကသိုလ်တွေနဲ့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တွေမှာ တက္ကသိုလ်သင်တန်းကြေးကို ပညာသင်နှစ်အလိုက် လစဉ်ပေးသွင်းရမှာ ဖြစ်ပါတယ်။ ဆေးတက္ကသိုလ်တွေအတွက်ကတော့ ပညာသင်ကာလပြီးဆုံးသည်အထိ ငွေကျပ်သိန်း ၆၀၀ အကုန်အကျခံရမှာဖြစ်ပြီး သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကတော့ ပညာသင်ကာလ ပြီးဆုံးသည်အထိ ငွေကျပ်သိန်း ၇၀၀ အကုန်အကျခံရမှာဖြစ်ပါတယ်။

နိုင်ငံတော်အစီအစဉ်နဲ့ ပညာသင်ကြားခွင့်ရရှိတဲ့သူတွေကတော့ ဘွဲ့ရရှိပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် မဖြစ်မနေ အနည်းဆုံး ငါးနှစ် တာဝန်ထမ်းဆောင်ရမှာဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းများသာ တက်ခွင့်ရှိတဲ့ ဘွဲ့လွန်သင်တန်းတွေကို ဆက်လက်တက်ရောက်ခွင့်ရရှိမယ်ဆိုရင် နောက်ထပ် ငါးနှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရမှာဖြစ်ပါတယ်။

မိမိအစီအစဉ်နဲ့ ပညာသင်ကြားခွင့်ရရှိတဲ့သူတွေကတော့ လတ်တလောအနေနဲ့ နိုင်ငံ့ဝန်ထမ်းအဖြစ် ငါးနှစ် မဖြစ်မနေ ဝင်ရောက်စရာမလိုပေမယ့် နိုင်ငံ့ဝန်ထမ်းများသာ တက်ရောက်ခွင့်ရှိတဲ့ ဘွဲ့လွန်သင်တန်းတွေတက်ရောက်လို၍ ဖြစ်စေ၊ နိုင်ငံ့တာဝန်ကို ဝင်ရောက်ထမ်းဆောင်လို၍ဖြစ်စေ နိုင်ငံ့ဝန်ထမ်းအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်လိုပါကလည်း တာဝန်ထမ်းဆောင်နိုင်မှာဖြစ်ပါတယ်။

အထက်မှာတင်ပြခဲ့တဲ့အတိုင်း ဆေးတက္ကသိုလ်/သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တွေကို ဝင်ခွင့်မရရှိခဲ့ရင် တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေဖို့အတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမယ့် ပုံစံစာအိတ်မှာ ပါရှိတဲ့ သင်တန်းရွေးချယ်မှုကတ်ပြားမှာ ဖော်ပြထားတဲ့ ဦးစားပေးအစီအစဉ်အတိုင်းပြည့်စုံစွာဖော်ပြလျှောက်ထားဖို့နဲ့ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို လည်း သေချာစွာဖတ်ရှု၍ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာပြီး ဝင်ခွင့်လျှောက်ထားဖို့ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၁၈ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈ ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၉၁၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၆) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈) ဦးအနက် (၈) ဦး၊ (၁၁.၇၆) ရာခိုင်နှုန်းမှာ ပြည်ပမှဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၆၀) ဦး၊ (၈၈.၂၄) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၂၇,၂၀၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၅,၀၃၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၃,၄၉၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၇) ဦး ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာများအနက်မှ သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စစ်ဆေးခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပြည်ပမှဝင်ရောက်လာသူများနှင့် ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများတွင် အိုမီခရွန်မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4၊ BA.5၊ BA.2.75 နှင့် BA.2.76 တို့ ကူးစက်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းအားဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု၊ ရောဂါပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို လျှော့ချပေးနိုင်သည်ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သည့်အပြင် အသက် ၁၈ နှစ်နှင့်အထက် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးမှုကာလ ၆ လ ရှိနေသော ပြည်သူများသည်လည်း ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ (၂၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု	လူနာသစ် (ဦးရေ)	ရာခိုင်နှုန်း
ပြည်ပမှဝင်ရောက်လာသူများ	(၈) ဦး	(၁၁.၇၆) %
ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ	(၆၀) ဦး	(၈၈.၂၄) %
စုစုပေါင်း	(၆၈) ဦး	(၁၀၀) %

ကမ္ဘာနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	အမေရိကန်	၉၆၀၁၁၈၅၅	၉၁၆၂၈၅၇၁	၁၀၆၉၁၃၂
၂။	အိန္ဒိယ	၄၄၄၁၅၇၂	၄၃၈၀၂၉၉၃	၅၂၇၇၉၉
၃။	ပြင်သစ်	၃၄၄၇၈၇၉၇	၃၃၉၂၅၈၀၁	၁၅၃၈၅၇
၄။	ဘရာဇီး	၃၄၃၈၄၇၄	၃၃၃၆၀၇၇၂	၆၈၃၅၄
၅။	ဂျာမနီ	၃၂၀၄၁၃၄	၃၁၁၃၁၀၀	၁၄၇၁၀၄
၆။	ဗြိတိန်	၂၃၄၂၈၇၅	၂၃၁၈၀၈၉၂	၁၈၇၇၆၁
၇။	တောင်ကိုရီးယား	၂၃၀၂၆၉၆၀	၂၀၉၅၆၆၀	၂၆၆၁၈
၈။	အီတလီ	၂၁၈၀၆၅၀၉	၂၀၉၅၁၂၆၈	၁၇၅၃၄၇
၉။	ရုရှား	၁၉၄၄၅၅	၁၈၅၂၀၈၅	၃၈၄၁၆၀
၁၀။	ဂျပန်	၁၈၅၀၆၅၁၅	၁၆၄၅၅	၃၉၀၀၅

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

စဉ်	နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
၁။	ဗီယက်နမ်	၁၁၄၀၅၇၃၁	၁၀၁၅၇၃၁၂၉	၄၃၁၁၃
၂။	အင်ဒိုနီးရှား	၆၃၄၉၁၇၅	၆၁၄၇၁၄၀	၁၅၇၅၂
၃။	မလေးရှား	၄၇၇၆၁၉၄	၄၇၀၇၀၉၅	၃၆၁၉၈
၄။	ထိုင်း	၄၆၄၇၆၈၅	၄၅၉၈၈၃၄	၃၂၂၅
၅။	ဖိလစ်ပိုင်	၃၈၇၇၁၁၀	၃၇၈၇၈၉၃	၆၁၇၂၀
၆။	စင်ကာပူ	၁၈၃၂၇၈၀	၁၇၅၅၁၃၅	၁၅၉၁
၇။	မြန်မာ	၆၁၅၀၃၀	၅၉၃၄၉၅	၁၉၄၃၇
၈။	ဘရူနိုင်း	၂၂၀၂၄၅	၂၁၉၅၆၁	၂၂၅
၉။	လာအို	၂၁၃၈၂၄	၂၀၈၃၄၄	၇၅၇
၁၀။	ကမ္ဘောဒီးယား	၁၃၇၅၈	၁၃၄၃၇	၃၀၅၆

သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပဲခူး သြဂုတ် ၂၉

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဝေထွန်း၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် သနပ်ပင်မြို့နယ်အတွင်းရှိ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်ရေရှရှိရေး လုပ်ငန်းနှင့် Solar Pump ဖြင့် စိုက်ပျိုးရေ ပေးဝေခြင်းသရုပ်ပြကွက်လုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ ကဝမြို့နယ်အတွင်းရှိ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် Royal Kawa Co.,Ltd က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော အလယ်ရွာကျေးရွာ ကျေးလက်ရေရှရှိရေး လုပ်ငန်း၊ Hanthar Princess Co., Ltd က တာဝန်ယူဆောင်ရွက်လျက်ရှိသော ဘန်ဒါကွက်သစ် ကျေးရွာ ကျေးလက်ရေရှရှိရေး လုပ်ငန်း၊ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် Chan Myae Yandanar Lin Co.,Ltd က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော အေးရွာသစ်ကျေးရွာ ကျေးလက်ရေရှရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ပေါက်ကွဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အလျား ၄၂၅ ပေ၊ အကျယ် ၁၂ပေ၊ ဒု ၆ လက်မ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂၂

ရမည်းသင်းမြို့နယ် ပရွက်ဆိတ်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

ရမည်းသင်း သြဂုတ် ၂၉

ရမည်းသင်းမြို့နယ် ကတင်ကျေးရွာအုပ်စု ပရွက်ဆိတ်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ကျေးရွာထရန်စဖော်မာအနီး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်လျှပ်စစ်မန်နေဂျာဦးမြင့်တိုး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်မြင့်၊ ကျေးရွာမီးလင်းရေကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲဆိုင်းဘုတ်ကို တာဝန်ရှိသူများက အမွှေးနံ့သာများ ပက်ဖျန်းကာ ခရိုင်လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က မီးခလုတ်အား စတင်ဖွင့်လိုက်သည်။

ထို့နောက် တာဝန်ရှိဝန်ထမ်းများက လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်များကို တက်ရောက်လာကြသော ကျေးရွာသူကျေးရွာသားများအား ဝေငှကြကြောင်း သိရသည်။ ၁၄၄

လာအိုနိုင်ငံမြောက်ပိုင်း၌ ရေကြီးရေလျှံမှုများဖြစ်ပွား

ဗီယင်ကျန်း သြဂုတ် ၂၉

လာအိုနိုင်ငံမြောက်ပိုင်းတွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရုတ်တရက် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အိုဒိုဆေပြည်နယ်၊ ဗိုကေအိုပြည်နယ်၊ ဟိုပန်ပြည်နယ်နှင့် ဖုန်စလေပြည်နယ်များသည် ရေကြီးရေလျှံမှုဒဏ်အများဆုံးခံခဲ့ရသည့် ပြည်နယ်များဖြစ်သည်။ မြို့တော်ဗီယင်ကျန်း၏ မြောက်ဘက်တွင်တည်ရှိသည့် အိုဒိုဆေပြည်နယ်သည် ရေကြီးရေလျှံမှုအများဆုံးခံစားခဲ့ရသည့် ပြည်နယ်ဖြစ်သည်။ ယင်းပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် နေအိမ်များပျက်စီးကာ ရေနှင့်လျှပ်စစ်မီးပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ရေကြီးမှုဖြစ်ပေါ်ခဲ့သည့် ပြည်နယ်များတွင် နေအိမ်များ ရေနစ်မြုပ်ခြင်းကြောင့် ဒေသခံအများအပြားမှာ နေထိုင်ရေး အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ယခုအချိန်တွင် ရေကြီးရေလျှံမှုခံစားခဲ့ရသည့် ဒေသခံများအား လိုအပ်သည့်အကူအညီများပေးအပ်နိုင်ရန် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဖြစ်စဉ်အတွင်း နိုင်ငံသားများအား ရေကြီးမှုမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဖုန်စလေပြည်နယ် ကန်ခရိုင်ရှိ အိမ်ထောင်စု ၉၇ စုသည် ရေကြီးမှုကြောင့် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးလာအိုငွေ ၅ သန်း ၆ သောင်းခန့်ရှိကြောင်း သိရသည်။ ဟိုပန်ပြည်နယ်တွင်လည်း ရေကြီးမှုဒဏ်ခံခဲ့ရသည့် ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရေးအတွက် တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၉၁ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ သြဂုတ် ၂၉

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၅၉၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၄၄၁၅၇၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ ၈၄၉၃၁ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၀၃၉၉ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၂၀၆ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၃၈၀၃၉၉၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လက်ရှိတွင် အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၁၉၁၀၅၇၃၈ လုံးအသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် လူဦးရေ ၈၈၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်

ကမ္ဘောဒီးယားနိုင်ငံ၌ ဟိုတယ် ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်

ဖနောင်ပင် သြဂုတ် ၂၉

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ကျဆင်းခဲ့ပြီးနောက် နိုင်ငံအတွင်းရှိ ဟိုတယ် ၇၀ ရာခိုင်နှုန်းခန့် ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း ကမ္ဘောဒီးယားခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

လုပ်ငန်းများရပ်နားခဲ့ရ

နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်ရာနေရာဖြစ်သည့် အန်ကောဝပ်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတည်ရှိရာ ဆီရမ်ယိပြည်နယ်အတွင်းရှိ ခရီးသွားလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းမှာ ပြီးခဲ့သည့်နှစ်နှစ်ခန့်က လုပ်ငန်းများရပ်နားခဲ့ရကြောင်းနှင့် ယခုအချိန်တွင် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများ ဖြေလျှော့ပေးခဲ့ခြင်းကြောင့် နိုင်ငံတကာမှခရီးသည်များ နိုင်ငံအတွင်း ပြန်လည်လာရောက် လည်ပတ်ခဲ့သဖြင့် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ကပ်ရောဂါဒဏ်ခံခဲ့ရသည့် လုပ်ငန်းများ၏ ၄၆ ရာခိုင်နှုန်းမှာ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုအချိန်တွင် နိုင်ငံအတွင်း နေ့စဉ်နိုင်ငံတကာမှ ခရီးသည် ၅၀၀၀ ခန့်ဝင်ရောက်လျက်ရှိကြောင်း သိရပြီး ယခုနှစ် နှစ်ဝက်အတွင်း နိုင်ငံတကာမှ ခရီးသည် ၇၄၀၀၀၀ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဇူလိုင်လအတွင်း တူကီယဲနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးလိုငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၉ ဘီလီယံအထိ မြင့်တက်

အန်ကာရာ သြဂုတ် ၂၉

တူကီယဲနိုင်ငံ၌ စွမ်းအင်ဈေးနှုန်းများနှင့် သွင်းကုန်တန်ဖိုး မြင့်တက်မှုရှိခြင်းကြောင့် နိုင်ငံခြားကုန်သွယ်ရေးလိုငွေသည် ဇူလိုင်လအတွင်းက အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၉ ဘီလီယံအထိ မြင့်တက်မှုရှိခဲ့ကြောင်း နိုင်ငံ၏ စာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့က ယနေ့ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တူကီယဲနိုင်ငံ၏ ပို့ကုန်သည် ၁၃ ဒသမ ၄ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၅၅ ဘီလီယံ)တိုးလာစဉ်တွင် သွင်းကုန်သည်လည်း ၄၁ ဒသမ ၄ ရာခိုင်နှုန်း(အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၄ ဘီလီယံ)အထိ မြင့်တက်မှုရှိခဲ့ကြောင်း တူကီယဲနိုင်ငံစာရင်းအင်းဆိုင်ရာ အင်စတီကျူက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း ကုန်ဈေးနှုန်းများ မြင့်တက်နေချိန်တွင် တူကီယဲနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးလိုငွေသည်လည်း တိုးလာခဲ့ပြီး ပြည်တွင်းငွေကြေး ဈေးနှုန်းကျဆင်းမှုကြောင့် ငွေကြေးဖောင်းပွမှုဖြစ်ခဲ့ခြင်းက တူကီယဲအစိုးရ၏ စီးပွားရေးအစီအစဉ်များကို ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလအတွင်းက ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် တူကီယဲနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ သိသိသာသာ လျော့ကျခြင်းဖြစ်ပေါ်လာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

■

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်၌ ရုတ်တရက်ရေကြီးမှုကြောင့် အနည်းဆုံး ၁၈ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရ

ကဘူးလ် သြဂုတ် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ကူနာပြည်နယ်၌ သြဂုတ် ၂၈ ရက်တွင် ရုတ်တရက် ရေကြီးမှုဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး ၁၈ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာများရရှိခဲ့ကြကြောင်း နိုင်ငံပိုင် ဘက်တာသတင်းအေဂျင်စီက ယနေ့သတင်း ထုတ်ပြန်ခဲ့သည်။

သြဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ကူနာပြည်နယ် ဆာကာနိုခရိုင်အတွင်းရှိ ကျေးရွာအများအပြား ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ၁၈ ဦး သေဆုံးကြောင်း နိုင်ငံပိုင်ဘက်တာသတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

လူနေအိမ် ၅၇၉ လုံး ပျက်စီးမှုဖြစ်ပေါ်

အဆိုပါသတင်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ အဆိုပါခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူနေအိမ် ၅၇၉ လုံး ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သြဂုတ် ၂၇ ရက်ကလည်း ကန်ဒါဟာပြည်နယ် တောင်ပိုင်း စပင်ဘိုလ်ဒက်ခ်ခရိုင်၌ ရုတ်တရက် ရေကြီးမှုဖြစ်ပေါ်ခဲ့ခြင်းကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံးခဲ့ပြီး ၁၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ တစ်ဝန်းလုံးတွင် လွန်ခဲ့သည့် တစ်လကျော်ကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ၂၀၀ ကျော်သေဆုံးကာ ၂၅၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၁၄၂ ဦးထပ်မံတွေ့ရှိ

ဆိုးလ် သြဂုတ် ၂၉

တောင်ကိုရီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၁၄၂ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၀၂၆၉၆၀ ရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း ပြီးခဲ့ရက်များအတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၂၉၅ ရှိခဲ့ရာမှ ယင်းအရေအတွက်ထက် ထပ်မံကျဆင်းလျက်ရှိကြောင်း တောင်ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၄၀၀၉ ဦး ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ပြည်ပမှပြန်လည်ရောက်ရှိလာသူ ၅၈၀၀၆ ဦးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆၆၁၈ ဦး ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဧနီနဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် သပြေရောင်ကျေးရွာနေ စိုးလွင်သည် ၎င်းအသုံးပြုသည့် "Soe Lwin" Facebook အကောင့်၊ သရက်ချောင်းမြို့နယ် ကျောက်မြောင်းရပ်ကွက်နေ အောင်မျိုးဦးသည် ၎င်းအသုံးပြုသည့် "Aung Myo Oo" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မိုးညှင်းမြို့နယ်၌ ဘိန်းစိမ်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၂၉

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ဌေးကျပ် ၂ ဒသမ၅၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

စည်သူထွန်းနှင့် ဝင်းမြင့်ဦးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် မိုးညှင်းမြို့နယ် မိုးညှင်း- မြစ်ကြီးနားသွား ကားလမ်း နန့်ပုတ်ကျေးရွာအနီးတွင် စည်သူထွန်း မောင်းနှင်ပြီး ယာဉ်ပိုင်ရှင် ဝင်းမြင့်ဦး လိုက်ပါလာသော ခြောက်ဘီးယာဉ်ကို သတင်းအရ ရှာဖွေ ရာ ယာဉ်နောက်ခန်းရှိ စက္ကူဗျုပ်ဖာများ အတွင်းမှ တန်ဖိုးငွေကျပ် ၂ဒသမ ၂၇ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းစိမ်း ၃၃ ကီလို၊ ဘိန်းဖြူ ၂၄ ဒသမ ၄၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၈ သိန်း သိမ်းဆည်း ရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို မန္တလေးတိုင်းဒေသကြီးမှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပုသိမ်ကြီးနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၂၉

အကောက်ခွန်ဦးစီးဌာနမှ အဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၆ ရက် ည ၇ နာရီတွင် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာအနီးရှိ ထုံးဘို-မြစ်ငယ်သွားကားလမ်း မိုင်တိုင်အမှတ် (၆/၄)တွင် မင်းမင်းကို(ခ)မင်းကိုနိုင် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဌေးကျပ် ၂၇၄၄ သိန်း တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း (တော်လှအင်း) လီတာ ၁၉၆၀၀ ကို လည်းကောင်း။

မင်းမင်းကို(ခ)မင်းကိုနိုင်အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

သြဂုတ် ၂၈ ရက် မွန်းလွဲ ၃ နာရီခွဲ တွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ KTV ဆိုင်အခန်း အမှတ်(VIP-1)သို့ ဝင်ရောက်ရှာဖွေရာ စိုင်းဆမ်၊ စိုင်းအောင်ဟိန်း၊ စိုင်းပွန်းတစ်နှင့် မနန်းရှဲန်နေတို့ကို တွေ့ရှိရပြီး ၎င်းတို့ထိုင်နေသည့် စားပွဲခုံပေါ်ရှိ စက္ကူဗျုပ်ဖာအတွင်းမှ အက်တက်စီ ဆေးပြား ၄၈၅ပြား၊ စိတ်ပြောင်းဆေးဝါးများ ရောစပ်ထားသော အမှုန့် သုည ဒသမ ၄၂၅ ကီလိုနှင့် ဆိုင်ရှေ့ကားပါကင်တွင် ရပ်တန့်ထားသည့် ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ကလောမြို့နယ်၌ ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်းသင်တန်း ဖွင့်လှစ်

ကလော သြဂုတ် ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်းသင်တန်းကို ယမန်နေ့က မြို့နယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်းသင်တန်းတွင် ကလောမြို့နယ် အောင်ပန်းမြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(အောင်ပန်း)မှ ရဲအုပ်ဝင်းညွန့်ဦးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ နိုင်ငံတကာ မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လူကုန်ကူးမှုအခြေအနေများနှင့် လူကုန်ကူးမှုစိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံဖြည့်သွင်းခြင်း စသည့်အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေး၍ သင်တန်းပို့ချပေးခဲ့သည်။

ယင်းသင်တန်းတွင် ကလောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၉၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

အေးခိုင်(ကလော)

"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် သြဂုတ် ၂၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား အဓိက ငွေကြေးထောက်ပံ့နေသည့် မြန်မာသူရကျောက်မျက်ကုမ္ဏီပိုင်ရှင် ကျော်သူရ အပါအဝင် တရားခံများအား ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် သြဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မန္တလေးမြို့၌ စီအိုင်ဒီ ရဲမှူးဆိုပြီး အရပ်သားနှစ်ဦးအား မှားယွင်းသတ်ဖြတ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၃၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားကြောင်း သိရသည်။

သတင်းစဉ်

မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက်(၂၁)နှစ်နှင့်အောက် ရပ်ကွက်နှင့်တိုက်နယ်ပေါင်းစုံ မိုးရာသီ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မအူပင် သြဂုတ် ၂၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလား အသက်(၂၁)နှစ်နှင့်အောက် ရပ်ကွက်နှင့် တိုက်နယ်ပေါင်းစုံ မိုးရာသီ(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မအူပင်ခရိုင် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် လေးအိမ်စုတိုက်နယ် ဘောလုံးအသင်းနှင့် ညွှန့်ပေါင်း(၃)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ လေးအိမ်စုတိုက်နယ်ဘောလုံးအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် လေးအိမ်စုတိုက်နယ်ဘောလုံးအသင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ဆုဖလားနှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး တစ်ဦးချင်းအကောင်းဆုံးဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မအူပင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိ

ရန်ကုန်တိုင်း ဒေသကြီးအတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ ပြည်သူများအား အဓိကပစ်မှတ်ထား၍ သတ်ဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏သတင်းပေးမှုများကြောင့် ၂၀၂၂ ခုနှစ်၊ သြဂုတ် ၂၂ ရက်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် Special Operation Force–SOF အမည်ခံ အကြမ်းဖက်အဖွဲ့မှ **ထွန်းထွန်းဟန်(ခ)ဝသုန်** အား KIA အဖွဲ့မှ ထုတ်လုပ်သည့် ၆၀ မမ စိန်ပြောင်း တစ်လက်နှင့်အတူ သြဂုတ် ၂၃ ရက်တွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် မြို့ရှောင်လမ်း ဘိုကလိုလမ်း သွယ်ရှိ Star Family တည်းခိုခန်း၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ထွန်းထွန်းဟန်(ခ)ဝသုန်**၏ ထွက်ဆိုချက်အရ သြဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ကင်းစုရပ်ကွက်၌ **ပြည့်ဖြိုးပိုင်**နှင့် **မျိုးဇော်လင်း** တို့ကို လည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီလမ်း အနီးရှိ (၄)စျေး၌ **အောင်ဇော်မြင့်(ခ)စစ်နိုင်**နှင့် **သန့်စင်**တို့ကို လည်းကောင်း၊ သြဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် သရဖီလမ်း၌ **မျိုးမင်းဇော်(ခ)ပါကျဲ** ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံ **ထွန်းထွန်းဟန်(ခ)ဝသုန်**၏ ထွက်ဆိုချက်အရ သြဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဖန်ချက်စက်လမ်း၌ နေထိုင်သည့် ဆက်စပ်တရားခံ **ထိန်လင်း**၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ **ထိန်လင်း**မှာ ထွက်ပြေးတိမ်းရှောင်နေပြီး သံသယတရားခံများဖြစ်သည့် **သူဇောသင်း**နှင့် **ဥာဏ်ထက်ဇ** တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် တရားခံကျားခုနစ်ဦး၊ မ တစ်ဦး စုစုပေါင်း တရားခံ ရှစ်ဦးတို့ကို ၆၀ မမစိန်ပြောင်း တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **ထွန်းထွန်းဟန်(ခ)ဝသုန်**နှင့် **အောင်ဇော်မြင့်(ခ)စစ်နိုင်** တို့သည် KNLA တပ်မဟာ(၆)တွင်လည်းကောင်း၊ **ပြည့်ဖြိုးပိုင်**နှင့် **မျိုးဇော်လင်း** တို့သည် KNLA တပ်မဟာ(ဂ)တွင်လည်းကောင်း အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Special Operation Force (SOF) အမည်ခံအကြမ်းဖက်အဖွဲ့အား ၂၀၂၂ ခုနှစ်မေလတွင် NLD ပါတီမှ သန်လျင်မြို့နယ် လူငယ်တာဝန်ခံ၊ တရားခံပြေး **ဝင်းကိုကို(ခ)စံရှားမှ** ခေါင်းဆောင်၍ အဖွဲ့ဝင် ၄၉ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ SOF အကြမ်းဖက်အဖွဲ့ဝင်များ အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မဂ်လာဒုံမြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **သူရိန်**ခေါင်းဆောင်သော YZ ၊ Hero၊ Lion တို့အပါအဝင် ၁၀ ဦးဖြင့်လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **သွေးအေး** ခေါင်းဆောင်သော **ဇော်ခါး၊ ကျောင်းဆရာ၊ ချိုတေး၊ အောင်အောင်၊ ကရင်လေး** တို့အပါအဝင် ၁၀ ဦးဖြင့်လည်းကောင်း၊ ဒလမြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **ကျော်ကြီး(ခ)RC** ခေါင်းဆောင်သော **ဝေယံ(ခ) အရှည်ကြီး၊ အာနိုး၊ ယက္ခ၊ ဂုမ္ဘာန်၊ အောင်ခန့်၊ ရှမ်းလေး၊ မီးလေး** တို့အပါအဝင် ၁၀ ဦးဖြင့် လည်းကောင်း၊ အင်းစိန်မြို့နယ်တွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် **နိုဗာ**ခေါင်းဆောင်သော **အောင်ဇေယျာဝင်း၊ လွင်ဖုန်းအောင်၊ ဥက္ကာ၊ မှန်ကြီး၊ ကရင်(ခ) လူပျိုကြီး၊ ဒုဘိုင်း(ခ)မာဝီ၊ အရိုးနှင့် ထွန်းထွန်းဟန်(ခ)ဝသုန်** တို့အပါအဝင် ၁၀ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

SOF အမည်ခံအကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန်ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ပြီး တရားခံပြေး **ဝင်းကိုကို(ခ)စံရှား**၏ စေခိုင်းချက်အရ အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် အောက်ပါအတိုင်း စီစဉ်ပစ်ခတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် သြဂုတ် ၁၂ ရက်တွင် **ထွန်းထွန်းဟန်(ခ)ဝသုန်၊ ပြည့်ဖြိုးပိုင်၊ မျိုးဇော်လင်း** တို့သည် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်သရက်တော ကားမှတ်တိုင်၌ တရားခံပြေး **ဝင်းကိုကို(ခ)စံရှား** ထံမှ ၆၀ မမ စိန်ပြောင်း တစ်လက်၊ ဗုံးသီးသုံးလုံးအား ယူဆောင်၍ အင်းစိန်မြို့နယ် မြို့သစ်(ဂ) ရပ်ကွက် သရဖီလမ်းရှိ **ထွန်းထွန်းဟန်(ခ)ဝသုန်**၏နေအိမ်၌ ဝှက်ထားခဲ့ကြောင်း။
- သြဂုတ် ၂၁ ရက်တွင် **ထွန်းထွန်းဟန်(ခ)ဝသုန်**နှင့် **အောင်ဇော်မြင့်(ခ) စစ်နိုင်** တို့သည် အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ရန် Scout ကြည့်ရှုခဲ့ကြောင်း။
- သြဂုတ် ၂၂ ရက်တွင် **ထွန်းထွန်းဟန်(ခ)ဝသုန်** ခေါင်းဆောင်၍ **မျိုးဇော်လင်း၊ အောင်ဇော်မြင့်(ခ) စစ်နိုင်၊ ပြည့်ဖြိုးပိုင်** တို့သည် အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက်ရှိ ဘောလုံးကွင်းသို့ သွားရောက်၍ အင်းစိန်ဗဟိုအကျဉ်းထောင်ရှိရာဘက်သို့ ၆၀ မမ စိန်ပြောင်းဖြင့် ဗုံးသီးသုံးလုံးအား တပ်ဆင်ပစ်ခတ်ခဲ့ကြောင်း။
- ထိုသို့ ပစ်ခတ်ခဲ့သောကြောင့် တရားခံပြေး **ဝင်းကိုကို(ခ)စံရှား**မှ တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းအား K Pay မှတစ်ဆင့် လွှဲပြောင်းပေးခဲ့ကြောင်း။

အထက်ပါဖြစ်စဉ်အပြင် SOF အမည်ခံအကြမ်းဖက်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်ပါအတိုင်း ဖောက်ခွဲတိုက်ခိုက်မှု နှစ်ကြိမ်ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဧပြီ ၁၀ ရက်တွင် ကမာရွတ်မြို့နယ် အင်းလျားလမ်းပေါ်ရှိ ဇော်ဂျီလမ်းလုံခြုံရေးဂိတ်အား လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း။
- ၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် လှိုင်မြို့နယ် ဘူတာရုံအနီးရှိ ရထားလမ်း လွှဲပြုလုပ်သော Control Box အား လက်လုပ်မိုင်း နှစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများ အားဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများ အား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသောဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာ နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်အား ၆၀ မမ စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှုအခြေပြဇယား

စေခိုင်းသူ

တရားခံပြေး ဝင်းကိုကို(ခ)စံရှား
သန်လျင်မြို့နယ် NLD ပါတီ
လူငယ်တာဝန်ခံ

ပြစ်မှုကျူးလွန်သူများ

ထွန်းထွန်းဟန်(ခ)ဝသုန်

အောင်ဇော်မြင့်(ခ)စစ်နိုင်

ပြည့်ဖြိုးပိုင်

မျိုးဇော်လင်း

မျိုးမင်းဇော်(ခ)ပါကျဲ

သန့်စင်

တရားခံများနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ၆၀ မမ စိန်ပြောင်း မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် ဧပြီ ၁၀ ရက်တွင် ကမာရွတ်မြို့နယ် အင်းလျားလမ်းပေါ်ရှိ ဇော်ဂျီလမ်းလုံခြုံရေးဂိတ်အား ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် လှိုင်မြို့နယ် ဘူတာရုံအနီးရှိ ရထားလမ်းလွှဲပြုလုပ်သော Control Box အား လက်လုပ်မိုင်းဖြင့် ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ကောလင်းမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက် လူသတ်၊ လုယက်စသည့် အကြမ်းဖက်လုပ်ရပ်များပြုလုပ်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများ၏ စခန်းတစ်ခုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းပိုက်ရရှိ

နေပြည်တော် သြဂုတ် ၂၉

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ် ညောင်ပင်လှ ကျေးရွာအနီးရှိ PDF အမည်ခံ အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့် စခန်းတစ်ခုအား သြဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းပိုက်ရရှိခဲ့သည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကောလင်းမြို့နယ် အတွင်း အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ရန် အတွက် ညောင်ပင်လှကျေးရွာအနီး သရက်တောအတွင်း ခိုအောင်းနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူတို့၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သြဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ဝင်ရောက်ချေမှုန်းခဲ့ရာ အဆိုပါ ကျေးရွာအနီးရှိ သရက်တောအတွင်း PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်လျက်ရှိသည့်စခန်းတစ်ခုကို တွေ့ရှိခဲ့ပြီး အကြမ်းဖက်သမားများ ကစဉ့်ကလျားဖြင့် ထွက်ပြေးသွားခဲ့သည်။ ယင်းနောက် စခန်းအတွင်း အသေးစိတ်ရှာဖွေခဲ့ရာ အလျားပေ ၂၀၊ အနံပေ ၃၀ သွပ်မိုးထရံကာ တဲတစ်လုံးအပါအဝင် လူနေတဲ ရှစ်လုံး၊ တန်းစီကွင်းတစ်ကွင်း၊ အချုပ်ခန်း တစ်ခန်း၊ တစ်ယောက်ပစ်ကျင်း ၁၀ ကျင်း၊ လက်လုပ်သေနတ် ၁၁ လက်၊ လက်လုပ်စိန်ပြောင်း တစ်လက်၊ လက်လုပ်လက်ပစ်ဗုံး ကိုးလုံး၊ ဗုံးသီးမျိုးစုံ ၁၆ လုံး၊ မိုင်းမျိုးစုံ ကိုးလုံး၊ဖြူးစ် ၃၈ ချောင်းနှင့်ရီမုတ်တစ်ခု၊ ကျည်မျိုးစုံ ၇၅ တောင့်၊ ကျည်အိမ် နှစ်ခု၊ အထိုင်စကားပြောစက် နှစ်လုံး၊ လမ်းလျှောက်စကားပြောစက်တစ်လုံး၊ ဆိုင်ကယ်သုံးစီး၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများ၊ KLPDF လက်မောင်း တံဆိပ်ပါ ယူနီဖောင်းတစ်စုံ၊ KIA လက်မောင်း တံဆိပ်ပါ ယူနီဖောင်းတစ်စုံ၊ NLD အလံတစ်ထည်အပါအဝင် အသုံးအဆောင်ပစ္စည်းများနှင့် ဆေးပစ္စည်းမျိုးစုံ သိမ်းဆည်းရမိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ကျေးရွာပြည်သူလူထုကို အကာအကွယ်ရယူ ခိုအောင်းနေထိုင်ကာ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ၎င်းတို့ပုန်းခိုရာနေရာများ၊ လူပ်ရှားသွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ **သတင်းစဉ်**

စစ်ကိုင်းတိုင်း ဒေသကြီး ကောလင်းမြို့နယ် ညောင်ပင်လှ ကျေးရွာအနီး သရက်တော အတွင်းရှိ PDF အမည်ခံ အကြမ်းဖက်သမားများ၏စခန်း နေရာပြ Google မြေပုံ။

KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင်ပျက်စီးမှုအား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဝန်ထမ်းများအား ချောင်းမြောင်းပစ်ခတ်၊ ဝန်ထမ်း တစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရ

နေပြည်တော် သြဂုတ် ၂၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့နွဲ့ရွာအနီးရှိ ဓာတ်အားပေးတာဝါတိုင် နှစ်ခုကို သြဂုတ် ၂၀ ရက် ည ၁၁ နာရီခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကရင်ပြည်နယ်အတွင်းရှိမြို့နယ်အချို့တွင် ဓာတ်အားပြတ်တောက်လျက်ရှိသည့်သတင်းကို သြဂုတ် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့သော မြို့နယ်အချို့တွင် ဓာတ်အားပြန်လည်ပေးအပ်နိုင်ရေးအတွက် မော်လမြိုင်မြို့ မဟာဓာတ်အားလိုင်းမှူးရုံးမှ ကျွမ်းကျင်ဝန်ထမ်းများက တာဝါတိုင်များကို ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူး-ကမာနစ် - စစ်တောင်း- သထုံ- မော်လမြိုင်- ကျုံဒိုး -ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူ- ကော့ကရိတ်-သက်နန်းညီနောင်-မြဝတီသို့ ဆက်သွယ်ထားသည့် မဟာဓာတ်အားလိုင်း ၂၃၀ ကေဗွီတာဝါ တိုင်အမှတ် (၁၇၂) အား ပြင်ဆင်ဆောင်ရွက်လျက်ရှိစဉ် ယနေ့မွန်းလွဲ ၃ နာရီ မိနစ်၂၀ ခန့်တွင် KKO (ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမား ၂၀ ခန့်က အာရ်ပီဂျီ၊ ၄၀ မမ လက်နက်ကြီးများ၊ လက်ဖြောင့်သေနတ်များ၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ချောင်းမြောင်းပစ်ခတ်ခဲ့သည်။ ထိုသို့ ပစ်ခတ်မှုကြောင့် မဟာဓာတ်အားလိုင်းမှူးရုံးမှ ဝန်ထမ်းတစ်ဦး သေဆုံးခဲ့ပြီး လေးဦးတွင် ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရဝန်ထမ်းများကို ကော့ကရိတ်မြို့ နယ်မြေခံဆေးတပ်ရင်းသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးများ ကုသပေးလျက်ရှိသည်။

ယခုကဲ့သို့ လျှပ်စစ်ဝန်ထမ်းများကို ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သည့် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံပိတ်ဆို့ဖမ်းဆီးလျက်ရှိကြောင်းနှင့် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

တာဝါတိုင်အမှတ် (၁၇၂)နေရာတွင် ပြင်ဆင်ဆောင်ရွက်နေစဉ်။

ဒဏ်ရာရရှိသည့် ဝန်ထမ်းများအား ဆေးကုသပေးနေစဉ်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

ယမန်နေ့မှအဆက်

“ခေါ်မသွားကြပါနဲ့ဦး။ ကျွန်မ အမေကို ခေါ်မသွားကြပါနဲ့ဦး။ ဝအောင် ကြည့်ပါရစေဦး”

မျိုးထွန်းသိန်းနှင့် နွယ်နွယ်ထွန်းတို့က သူ့ကို ဖျောင်းဖျကြသည်။ နန်းကိန္နရီက ဇွတ်တရွတ် လုပ်နေသည်။ လက်နှစ်ဖက်ကို ချုပ်ကိုင်ထားသည်။ သူက ရုန်းကန်နေလေသည်။

သူနာပြုတို့က ဒေါ်ခေမာ၏ ရုပ်ကြွင်းကို သယ်ဆောင် သွားကြလေသည်။ သူနာတင် မော်တော်ယာဉ်၏ အသံကြောင့်ပင် ထင်သည်။ လူတို့ ဝိုင်းအုံလာကြပြန်သည်။ ထိုအထဲမှာ ရဲက ဖမ်းဆီးထားသော မော်တော်ကား မောင်းသူလည်း ရှိနေသည်။ အလောင်းသယ်ယူလာသူတို့အတွက် နေရာရှဲပေးကြသည်။ လမ်းဖယ်ပေးကြသည်။

မကြာမီ ဒေါ်ခေမာ၏ ကိုယ်ခန္ဓာသည် မော်တော်ကားပေါ်သို့ ရောက်ရှိသွားသည်။ ကားတံခါးများ ပိတ်လိုက်သည်။

ဘာတစ်ခုမျှ နားလည်နိုင်မည် မဟုတ်မှန်း သိလျက်နှင့် နန်းကိန္နရီက သူ၏သားငယ်ကို လှမ်းပြောသည်။

“သားရေ၊ ကြည့်ထား။ ဝအောင်ကြည့်ထား။ အဲဒါ မင်းရဲ့ အဘွားကွဲ့ သားရဲ့။ နောက်ကျရင် သားက ကြည့်ချင်လှပါချည်ရဲ့ဆိုတောင် မမေမေ မပြနိုင်တော့ဘူး။ အခုကတည်းက တစ်ခါတည်း ကြည့်ထားလိုက်။ နောက်ဆုံးပဲ။ ဒါ နောက်ဆုံးပဲကွဲ့ သားရဲ့”

သူနာတင်မော်တော်ယာဉ်ထိပ်ဦးမှ မီးနီကလေး ဖျတ်ခနဲပွင့်လာပြီး စူးရှကျယ်လောင်သော ဥဩသံသည် နန်းကိန္နရီ၏အသံကို ဖုံးလွှမ်းပစ်လိုက်သည်။ မော်တော်ကားသည် ထွက်ခွာစ ပြုသည်။

“ကိုယ် လိုက်သွားလိုက်ဦးမယ်။ မင်းရဲ့ကားကို ကိုယ်ယူသွားမယ်”

မျိုးထွန်းသိန်းက နွယ်နွယ်ထွန်းအား လှမ်းပြောသည်။ သူနာတင်ယာဉ်နှင့် မရှေးမနှောင်းမှာပင် မျိုးထွန်းသိန်း၏မော်တော်ကား ထွက်ခွာသွားသည်။

အစသော် ဆူညံကျယ်လောင်သော ဥဩသံကို ကြားနေရသေးသည်။ မော်တော်ကားကို မြင်နေရသေးသည်။ တစ်စတစ်စနှင့် ဥဩသံသည် တိုးသွားသည်။ အဆုံး၌ ပျောက်ကွယ်သွားသည်။ မော်တော်ကားကိုလည်း ပထမတွင် မြင်နေရသေးသည်။ နောက်တော့ တဖြည်းဖြည်း သေးကွေးကာ အဆုံး၌ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ကျန်ရစ်ခဲ့သူတို့မှာလည်း စကားမပြောနိုင်ကြ။ ကျောက်ဆစ်ရုပ်တုများသဖွယ် ကျန်ခဲ့ကြသည်။ လူအားလုံးတို့သည် ကြေကွဲဖွယ်ကောင်းလောက်အောင် တိတ်ဆိတ်လျက် ရှိနေကြပေသည်။

ထို့ကြောင့်လည်း တစ်ခါတစ်ခါ၌ ပေါ်ထွက်လာသည့် နန်းကိန္နရီ၏ ရှိုက်သံသည်ပင် သူတို့အဖို့ အကျယ်လောင်ဆုံးနှင့် အစူးရှဆုံးသောအသံ ဖြစ်နေကြရသည်။

“အမေရယ် မြန်လိုက်တာ။ အမေ သမီးကို လာနှုတ်ဆက်တာကလည်း မြန်လိုက်တာ”

နန်းကိန္နရီသည် ပါးစပ်မှ တတွတ်တွတ် ရေရွတ်နေလေသည်။

x x x x x

[၆]

ရေနံ့သာသို့ ဒေါ်ရေနံ့သာခင်ခင်ကြီး ပြန်လည်ရောက်ရှိလာသောအချိန်၌ မှောင်စ ပျိုးခဲ့လေပြီ။ ရေနံ့သာ၌ မီးရောင်များ လင်းလက်လျက် ရှိနေသည်။ အဘယ်ကြောင့်ဟူ၍တော့ မသိ။ တစ်ကိုယ်လုံး နုံးချည့်နေသလို ခံစားရသည်။ ပင်ပန်းနွမ်းနယ်နေသည့်နယ် ဖြစ်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ဆိုဖာတစ်လုံး၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာနေမိသည်။

ရေနံ့သာသို့ဒေါ်ရေနံ့သာခင်ခင်ကြီး အထီးတည်း ပြန်လာခဲ့ခြင်း ဖြစ်သည်။ နွယ်နွယ်ထွန်းသည် မျိုးထွန်းသိန်း ပြန်အလာကိုစောင့်ရင်း နန်းကိန္နရီအား နှစ်သိမ့် ဖျောင်းဖျနေလိမ့်မည် ထင်ရသည်။

စောစောက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့သည် အာရုံမှ ပျောက်ကွယ်မသွားသေး။ သွေးအလိမ်းလိမ်းသောကိုယ်ဖြင့် မချိမဆံ့သော ဝေဒနာ ခံစားနေရရှာသော ဒေါ်ခေမာ၏ အသွင်၊ တရှိုက်မက်မက် ငိုကြွေးနေသော နန်းကိန္နရီ။ ဤသည်များကို မြင်ယောင်နေရဆဲပင် ဖြစ်သည်။

လောကဓံ၏ လှည့်စားရက်စက်နိုင်စွမ်းခြင်းသဘောကို ဒေါ်ရေနံ့သာခင်ခင်ကြီး သဘောပေါက်နိုင်စွမ်း ရှိလာသည်။ နားလည်လာနိုင်စွမ်း ရှိလာသည်။

ဒေါ်ခေမာ သေဆုံးသည့်အဖြစ်ကို မြင်ရသည့်အခါ မိမိ၏အဘွားဖြစ်သူ ဒေါ်စောမင်း သေဆုံးခဲ့ရစဉ်က အဖြစ်ကို သတိရသည်။ သည်စဉ်က အကြောင်းများကို ပြန်လည် တွေးတောမိသည်။

ဦးကောင်းမိုး၏ ပယောဂကြောင့် မြေးနှင့်အဘွားတို့ အကြားမှာ ကြေကွဲစရာများ ပေါ်ပေါက်ခဲ့ရဖူးသည်။ မြေးသည် အဘွားဖြစ်သူကို အသက်မီရုံသာ ရှိခဲ့သည်။ ဟိုစဉ်က မိမိ၏အလှည့်၊ ယခု သူတို့အလှည့်။ မည်သို့ပင်ဆိုစေ သံသရာလှည်းဘီးသည် တစ်ချိန်သောအခါ၌ တစ်ပတ်လည်လာတတ်မြဲ ပေတည်း။

သည်အဖြစ်တွေကို ဦးကောင်းမိုး မြင်ရစေချင်သည်။ ကိုမောင်မောင်ဦး တွေ့ရစေချင်သည်။ တစ်ဆက်တည်းမှာလည်း ဒေါ်ရေနံ့သာခင်ခင်ကြီး ဆုတောင်းခြင်း ပြုမိသည်။ ပြီးပါစေတော့၊ ကျေပါစေတော့၊ သည်မျှနှင့် အဆုံးသတ်ပါစေတော့ စသည်ဖြင့်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် စီးကရက်ကို ပြာခံခွက်အတွင်း ထိုးချေလိုက်သည်။ နေရာမှ ထလိုက်သည်။ ယင်းအခိုက်မှာပင် အိမ်အတွင်းသို့ မောင်းဝင်လာသော မော်တော်ကားသံကို ကြားရသည်။ နွယ်နွယ်ထွန်း၏ကားပင် ဖြစ်ပေလိမ့်မည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နွယ်နွယ်ထွန်း ရောက်အလာကို စောင့်နေသည်။ မကြာမီမှာပင် နွယ်နွယ်ထွန်း၏ အသွင်အပြင်သည် အခန်းပေါက်ဝမှာ ပေါ်လာလေသည်။ သမီးဖြစ်သူနှင့် မိခင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။ စကားကိုမူ မဆိုဖြစ်ကြ။

နွယ်နွယ်ထွန်းသည်လည်း မိမိကဲ့သို့ပင် ပင်ပန်းနွမ်းနယ်ဟန်များ ပေါ်ပေါက်နေကြောင်း တွေ့ရလေသည်။ သူ့အင်္ကျီ၌ သွေးစသွေးနအချို့ စွန်းပေနေကြောင်း မြင်ရလေသည်။

နွယ်နွယ်ထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီး ရှိရာသို့ လျှောက်လာသည်။ သူ့မျက်နှာမှာ ညှိုးနေသည်။ ကြေကွဲမှုကို ခံစားရသလိုရှိသည်။ စူးစမ်းသော မျက်လုံးများဖြင့် မိခင်ဖြစ်သူ၏ မျက်နှာကို လှမ်းကြည့်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် လက်တစ်ကမ်းအကွာ၌ ရပ်လိုက်သည်။

ထိုနေရာမှနေကာ စူးစူးစိုက်စိုက်ကြီး ကြည့်လိုက်သည်။ ဇည့်ခန်းမီးရောင်ဖြင့် သူ့မျက်ဝန်းများမှာ တောက်ပပြောင်လက်လျက်ရှိကြောင်း တွေ့ရသည်။ မျက်ရည်ကြည် ရစ်ဝဲ ခိုသီးနေကြောင်း မြင်ရသည်။

နွယ်နွယ်ထွန်း၏ ထူးခြားသောအသွင်ကိုကြည့်ကာ ရေနံ့သာခင်ခင်ကြီးမှာ မစဉ်းစားတတ်အောင် ဖြစ်သွားရသည်။ အကဲခတ်သလို ပြန်ကြည့်မိသည်။

နွယ်နွယ်ထွန်း၏နှုတ်မှ စကားသံများ ထွက်မလာသော်လည်း မျက်နှာအနေအထားနှင့် မျက်ဝန်းများမှာ အဓိပ္ပာယ်များစွာကို ဆောင်ယူလျက်ရှိသည်ဟု ထင်သည်။ စကားလုံး အရာအထောင်ကို ပြောနေသည့်နှယ် ဖြစ်သည်။

နွယ်နွယ်ထွန်း ရှေ့သို့ တိုးလာသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် မျက်နှာချင်းဆိုင်မိသည်။ နွယ်နွယ်ထွန်း၏ မျက်နှာကို ပိုမိုနီးကပ်စွာ အကဲခတ်နိုင်စွမ်းရှိခဲ့သည်။ သူ့မျက်နှာ၌ တောင်းပန်တိုးလျှိုးသောဟန်၊ ခွင့်လွှတ်စေလိုသောဟန်များ ပေါ်ပေါက်နေကြောင်း တွေ့ရသည်။ ဤသည်ကို သတိပြုမိကာ သူကိုယ်တိုင်ကလည်း ခွင့်လွှတ်နားလည်နိုင်စွမ်းသော ဟန်အမူအရာကို ပြမိလျက်ရှိကြောင်း ဒေါ်ရေနံ့သာခင်ခင်ကြီး တွေ့ရသည်။

နွယ်နွယ်ထွန်းသည် ဘာမပြော ဘာမဆိုနှင့်ပင် ရေနံ့သာခင်ခင်ကြီးထံ တိုးဝင်လာသည်။ ဖက်ပွေ့လိုက်သည်။ တစ်ဆက်တည်းမှာပင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရင်ခွင်၌ မျက်နှာအပ်ကာ ငိုရှိုက်လိုက်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ထိတ်လန့်သွားသည်။ တုန်လှုပ်သွားသည်။ ထိတ်ထိတ်ပျာပျာ မေးမိသည်။

“သမီး၊ သမီး ဘာဖြစ်လာလို့လဲ ဟင်”

နွယ်နွယ်ထွန်းက အမေးကိုမဖြေ။ ငိုရှိုက်လျက်သာ ရှိသည်။ မျက်ရည်သည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရင်ခွင်ကို စွတ်စိုလာသည်။

“သမီးရယ်၊ ဘာဖြစ်လာသလဲကွယ်”

ဒေါ်ရေနံ့သာခင်ခင်ကြီး သမီးဖြစ်သူ၏ကိုယ်ကို ပြန်လည်ထွေးပိုက်လိုက်ကာ ကြေကွဲသံဖြင့် မေးမိသည်။

နွယ်နွယ်ထွန်း ခေါင်းမော့လာသည်။ မိခင်၏ မျက်ဝန်းကို စူးစိုက်ကြည့်သည်။

“ဘာဖြစ်လို့လဲ မသိဘူး မေမေရယ်။ သမီး သိပ်ငိုချင်တာပဲ။ အားရပါးရ ငိုပစ်လိုက်ချင်တယ်။ အဲဒီလို ငိုလိုက်ရရင် ရင်ထဲမှာပေါ့သွားမယ်လို့ ထင်နေတယ်”

“ခက်ပါဘိတော့ကွယ်”

“ဟုတ်တယ် မေမေ။ ဒီကနေ့ နန်းကိန္နရီတို့ အဖြစ်ကို မြင်ရတာ သမီးစိတ်မှာ သိပ်ထိခိုက်မိတာပဲ။ သမီးဟာ ဆရာဝန်ပါ။ သမီးရဲ့ရှေ့မှောက်မှာ လူတစ်ယောက် သေဆုံးသွားတယ်ဆိုတာ ဘာမှမဆန်းပါဘူး။ ဒါပေမဲ့ ဒီကနေ့အဖြစ်ကတော့ သမီးရဲ့ရင်ကို နာကျင်စေတယ်ထင်တယ် မေမေ”

“မေမေလည်း ဒီအတိုင်းပါပဲကွယ်”

နွယ်နွယ်ထွန်းသည် လက်ဖမိုးဖြင့် မျက်ရည်သုတ်သည်။ ငိုရှိုက်လိုခြင်းကို ကြိုးစားထိန်းချုပ်သည်။

“ဘာပဲပြောပြော သမီးဟာ နန်းကိန္နရီနဲ့စာရင် အများကြီး ကံကောင်းပါသေးတယ်နော်”

“ဒါပေါ့ သမီးရယ်”

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နွယ်နွယ်ထွန်း၏ ပွေရောင်းသွားသော ဆံပင်ကို လက်ဖြင့် ပြန်သပ်ပေးသည်။ သူ့ရင်ထဲမှာ ပြင်းစွာ လှုပ်ရှားလာသည်။

ကြည့်စမ်း၊ သည်ကနေ့ အနှစ် နှစ်ဆယ်ကျော်မျှ ကွဲကွာခဲ့ရသော သမီးဖြစ်သူအား ပထမဆုံးအကြိမ် အဖြစ် ပိုက်ထွေးယုယခွင့် ရခဲ့ပါကလား၊ ရင်ခွင်နွေးနွေးအတွင်း ပွေ့ဖက်ထားခွင့်ကို အနှစ် နှစ်ဆယ်ကျော်အတွင်း ပထမဆုံး ရရှိခဲ့ခြင်းပါကလား။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရင်မှာ နွေးလာသည်။ သမီး၏ ကိုယ်ငွေ့နွေးနွေးသည် နှလုံးသားကိုပင် ယုံ့နှံ့သွားလေသလားဟု ထင်ရသည်။ ကြည်နူးစိတ်၊ နှစ်သိမ့်စိတ်ဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ကိုယ်မှာ ကြက်သီးမွေးညင်းများပင် ထလာသည်။

သည်တစ်ခါ သမီးခေါ်ဆိုလာသော မေမေ ဆိုသည့်အသံတိုင်းမှာ အင်အားပါသည်ဟု ဒေါ်ရေနံ့သာခင်ခင်ကြီး မှတ်ယူသည်။ အသံသည် ပါးစပ်ဖျားမှ ထွက်လာခြင်း မဟုတ်မူဘဲ နှလုံးသားမှ ပဲ့တင်ရိုက်ခတ်လာသောအသံဟု ထင်သည်။

နွယ်နွယ်ထွန်းသည် အားရသွားဟန်ဖြင့် ငိုရှိုက်ခြင်းကို ရပ်လိုက်သည်။ ယခုကျတော့လည်း သူ့မျက်နှာမှာ ပြုံးနေပြန်သည်။ မျက်ရည်လည်ရွဲနှင့် ပြုံးနေခြင်းဖြစ်သည်။ နွယ်နွယ်ထွန်း၏အပြုံးမှာ တောက်ပလှသည်။

“သမီး သိပ်တွေးခဲ့မိတယ်မေမေ။ အတွေးခေါင်ခဲ့တယ်။ မေမေနဲ့ပတ်သက်လို့ပဲပေါ့။ ဝန်ခံရမယ်ဆိုရင်တော့ သမီးမှာဘဝင်မကျနိုင်တာတွေ အများကြီးရှိခဲ့ပါတယ်။ မကျေနပ်နိုင်တာတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ သမီး ဘဝင်ကျခဲ့ပါပြီ မေမေ။ အရာရာကို ကျေနပ်နိုင်ပါပြီ။ နန်းကိန္နရီကို ကျေးဇူးတင်ရမှာပါပဲ။ သူဟာ သမီးကို သင်ခန်းစာတွေ အများကြီးပေးခဲ့ပါတယ်”

ဆက်လက်ဖော်ပြပါမည်။

> **“စောစောက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့သည် အာရုံမှ ပျောက်ကွယ်မသွားသေး။ သွေးအလိမ်းလိမ်းသောကိုယ်ဖြင့် မချိမဆံ့သောဝေဒနာ ခံစားနေရရှာသော ဒေါ်ခေမာ၏ အသွင်၊ တရှိုက်မက်မက် ငိုကြွေးနေသော နန်းကိန္နရီ။ ဤသည်များကို မြင်ယောင်နေရဆဲပင် ဖြစ်သည်။ လောကဓံ၏ လှည့်စားရက်စက်နိုင်စွမ်းခြင်းသဘောကို ဒေါ်ရေနံ့သာခင်ခင်ကြီး သဘောပေါက်နိုင်စွမ်း ရှိလာသည်။ နားလည်လာနိုင်စွမ်း ရှိလာသည်။ ဒေါ်ခေမာ သေဆုံးသည့်အဖြစ်ကို မြင်ရသည့်အခါ မိမိ၏အဘွားဖြစ်သူ ဒေါ်စောမင်း သေဆုံးခဲ့ရစဉ်က အဖြစ်ကို...”**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ နှ/၂၆ ကျောင်းကုန်းရပ်ကွက်၊ အမှတ် (၄၉၀/၅၃)ရှိ ခြံမြေအကျယ် ၀၊(၂၀x၆၀)ကို ဦးကံသောင်း အမည်ပေါက် ပါမစ်မိတ္တူနှင့်တကွ ဆက်စပ်စာချုပ်များအား လက်ရှိပိုင်ဆိုင်ပြီး မိမိသာရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုဆိုသူ ဦးမျိုးကျော်ထွန်း[၁၂/ဥကမ(နိုင်)၁၁၉၅၉၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျူလိုင်မိုး [၉/ပသက(နိုင်)၁၁၂၇၅၁]က အပြီး အပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါ ခြံမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက် အထားနှင့်တကွ ယနေ့ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် အကြောင်းကြား ဆက်သွယ်ကြပါရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ဂျူလိုင်မိုး
[၉/ပသက(နိုင်)၁၁၂၇၅၁]

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးစံပယ်ထွေး(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၁၄)
ရွှေပြည်သာယာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း
(အကြံပေးရှေ့နေ)
Ph-09-799741332, 09-429137843

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာယီမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၃၀၃၊ ဧရိယာ (၀.၀၈၂)ဧကာ၊ မြေကွက်တည်နေရာအမှတ်(၃၀၃)၊ ဝတ်မစွတ်နဝေးလမ်း။ (၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒုတိယဗိုလ်မှူးကြီးနေဝင်း(၁/ဗမန(နိုင်)၀၅၁၃၁၁)မြေအား နှစ်(၆၀)မြေငှားဂရန်မြေအားအပည်ပေါက်ထံမှအထူးကိယ်စားလှယ်လွှဲစာအမှတ်-၂၉၄၆၀/၂၀၁၉(၂.၁.၁၁.၂၀၁၉)မြင့်ရင်ညို ဆီနန်းခမ်းအား (၁၃/တယန(နိုင်)၀၂၁၅၃)မှ ဂရန်မူရင်း။ ပါ၏၊ ပါတ်ပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါတ်ရပ်သိမ်းခြင်းမရှိသေးကြောင်း(၂၆.၇.၂၀၂၂)ရက်စွဲပြင့်ကျိန်းဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ နိုင်ငံသားဓိစမ်ရေးကတ်ပြားမြေတရင်းမှတ်ချက်(၁)အရ(၂၀၂၀)ခုနှစ်တွင် SP ဆီနန်းခမ်းအေးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားထုတ်ယူခဲ့ခြင်းနှင့်စပ်လျဉ်း၍ ၎င်းမှ ၂၀၂၀ ခုနှစ်တွင် အရောင်းမြေပုံလျှောက်ထားထုတ်ယူခဲ့သော်လည်း အဆိုပါထုတ်ယူခဲ့သောအရောင်းမြေပုံမှာ၎င်း၏လက်ထဲတွင်ဟုတ်ကဲ့သုံးဆားကြောင်း။အဆိုပါအရောင်းမြေပုံအား မည်သူ့ကိုမျှရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်း၊ စွန့်လွှတ်၊ လုပ်ပိုင်ခွင့်ပေးထားခြင်းတို့မရှိပါကြောင်းနှင့် အရောင်းမြေပုံ၀ယ်ကတ်ဆုံးသွားသည်မှာမှန်ကန်ပါကြောင်း(၁၂.၆.၂၀၂၂)ရက်စွဲပြင့် ကျိန်းဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ပိုင်လုံသော အထောက်အထားများမြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းများအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်မြင်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြမြေမိမခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၂)၊ မြေကွက်အမှတ်(၉၉)အကျယ်အဝန်း(၀.၀၅၅)ဧကရှိ၇ရန်မြေကွက်ကြီးနှင့် ယင်းမြေကွက်ကြီးပေါ်တွင် ဆောက်လုပ်ထားသောအမှတ်(၇၄)၊ စီမံးလွဲသာယာလမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC(၃)ထပ်တိုက်တစ်လုံးရေ၊ မီး၊ ဆေး အပြည့်အစုံအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်ပြီးလက်ရှိထားပိုင်ဆိုင်သူ ဦးတင်ဗိုလ်ဗိုလ် [၁၂/မရက(နိုင်)၁၄၂၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်ပြီးကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးလှိုင်ဘွား(LL.B)
တရားလွတ်တော်ရှေ့နေ (စဉ်-စ၁၃၀/၂၀၁၂)
အမှတ်-၄၇၅ ပထမထပ်၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊ သင်္ကန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။ ၀၉-၈၉၂၇၅၅၁

အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆)၊ လူနေရပ်ကွက် အမှတ်-ရွှေပေါက်ကံ၊ မြေကွက်အမှတ် (၅)၊ ဧရိယာ (၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေရှိ အိမ်ရာမြေ(မြေသက်သက်) ပါမစ်မြေကွက်အကျိုးခံစားခွင့်များသည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒုအရာခံဗိုလ်ရင်ဟန် (DV-၀၇၈၁၂) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ မြေအမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ဦးဌေးလွင် [၈/မလန(နိုင်)၀၀၈၁၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ရီ (တရားလွတ်တော်ရှေ့နေ၊ စဉ်-၃၀၃၆၊ နေ့စွဲ ၂၇-၂-၈၅)
အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၀၅၃၃၂၄၈၊ ၀၁-၂၂၃၉၅၆

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ ယမနေလမ်းနှင့် ယမနေ(၆)လမ်းထောင့်၊ မြေကွက်အမှတ်(၆၄၇)၊ မြေအကျယ်အဝန်း (၄၀ ၀၆ ၆ လက်မ x ၆၁ ၀၆)၊ ဧရိယာ (၀.၀၅၇)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **နော်လားမေဝါး[၁၄/ပသန(နိုင်)၁၇၈၄၇၃]**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဦးဆန်းဦး[၁၂/ဥကတ(နိုင်)၁၃၆၄၂]**သည် "နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည်(LL.B)
(စဉ်-၁၁၄၀၆)
တရားလွတ်တော်ရှေ့နေ
ဒေါ်ကေကေနိုင်(LL.B)
(စဉ်-၅၃၃၄၄)
အထက်တန်းရှေ့နေ
အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၃၁၁၄၆၅၃၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၁

အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ အလက(၃) ကျောင်း Grade-2 မှ(ဘ)ဦးမိုးကျော်အောင်၏ သမီး မမိုးသီရိအောင် ၏ အမည်မှန်မှာ မမျူးသံစဉ်ခြူး ဖြစ်ပါသည်။

မမျူးသံစဉ်ခြူး

ပျောက်ဆုံးကြောင်း

ဦးကောင်းထက်ကျော် [၁၂/ပဇတ(နိုင်)၀၃၃၃၃၀] CDC-99011 ကိုင်ဆောင်သော Result Sheetမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၄၃၀၉၀၈၀၇၉

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လာသာမြို့နယ်၊ (၂) ရပ်ကွက်၊ စဉ်ဆိုးတန်းလမ်း၊ တိုက်အမှတ်(၉၃)၏ ၂-လွှာ (၀ထမထပ်)။ အကျယ် (၁၂ ၃ x၆၀)ပေရှိ တိုက်ခန်းကို မူလပိုင်ရှင် ဦးကျော်ကျော်(ခ) လူချိုင်ချန် [၁၃/လရန(နိုင်)၀၉၇၉၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူမြင့်[၃/ကကရ(နိုင်)၀၃၉၆၆၆] (ဘ) ဦးသိန်းညွန့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ရတနာဖြိုး [၈/အလန(နိုင်)၁၃၄၉၅] (ဘ) ဦးတင်ဝင်းက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စောနည်အောင်
LL.B, DBL,DIL,DML
တရားလွတ်တော်ရှေ့နေ (စဉ်-၁၇၁၁၈/၁၅-၆-၂၀၁၇)
၁၅၃၊ ၃၂-လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09-5030919, 09-78041106

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ကြူစမ်းရွာသစ်၊ ရှမ်းလေးဂိတ်လမ်း၊ အမှတ်(-)နေ ဒေါ်ဆုမြတ်ခိုင် [၁၂/သဃက(နိုင်)၁၅၉၅၄၃]သည် **"TWO KHIT" "တူးခေတ်"** တံဆိပ်အမည်အမှတ်အသားအား စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်သွင်းပြီး သောက်ရေသန့်ထုတ်လုပ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါ၍ ဈေးကွက်အတွင်း အမည်တူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဆုမြတ်ခိုင် [၁၂/သဃက(နိုင်)၁၅၉၅၄၃]၏
လွှဲအပ်ညွှန်ကြားချက်အရ
ဦးသူရဝင်း (B.A, B.Sc (Hons), DBL (Credit),
PGDL, LLB(Q), LLM (1st year) (Commercial Law),
(WIPO) (Switzerland) အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၂)
အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)၊ သာကေတမြို့နယ်၊
ဖုန်း-၀၉- ၄၂၀၁၀၈၄၆၅၊ ၀၉- ၇၇၇၇၇၉၄၀၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ နံ့သာလမ်း၊ အမှတ်- ၇၉၊ (၂) ခန်းတွဲ (၆) ထပ်တိုက် အဆောက်အဦး၏ ပထမထပ် (၂) လွှာ (ခေါင်းရင်းခန်း) အလျား ၁၂′ ၆″ × အနံ ၅၅′ အကျယ်ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် စာချုပ်အဆက်ဆက်အရ ဝယ်ယူခဲ့သူ ဒေါ်အေးအေးမြင့် (၆/မအရ(နိုင်) ၀၇၉၅၅၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေမှအပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြေခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေးမြင့် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၅၈)
အမှတ် - ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A-1)၊ ဘက်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၆၄၆၆၇၊

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း/အရှေ့ရပ်ကွက်၊ မြို့သစ် (၂)လမ်း၊ အမှတ်(၁၉)ဟုခေါ်တွင်သည့် (၇)ထပ်တိုက်၏ (၇လွှာ-အေ)၊ အကျယ် (၁၂ ၃ ပေx၅၅ပေ)ရှိ ရေမီး၊ မော်တာအပါအဝင် တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇော်ဇော်[၁၂/တမန(နိုင်)၀၈၆၀၅၃]၊(ဘ)ဦးကျော်ဧာနှင့် ဒေါ်နီနီထွန်း[၁၂/ဥကတ(နိုင်)၁၀၄၃၄၂] (ဘ) ဦးလှမြင့်တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သတင်းစာကြော်ငြာပါရှိပြီး (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထူးထူးရင်
(LL.B, LL.M) (Credit)
တရားလွတ်တော်ရှေ့နေ (စဉ်-စ၀၂၄)
တာ၀ါဝတီ၊ အခန်း(၄၀၁)၊ လမ်း(၅၀)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၅၀၂၇၁၂၂

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဝေဘာဂီမြို့သစ်၊ ရတနာလမ်းမကြီးဘေး၊ လမ်းမကျယ်၊ မျက်နှာ၀ကျယ်၊ စီးပွားရေးလုပ်ကိုင်ချင်သူများနှင့် ခြံ၀င်းကျယ်ကျယ်ဖြင့် နေထိုင်လိုသူများအတွက် အလွန်သက်သာသောစျေး၊ ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများ၊ ခြံရှေ့မျက်နှာ၀ ပေ ၈၀၊ ရှေ့နောက် ပေ ၈၅၊ မြေပိုပါပြီး၊ ပတ်၀နံးကျင်ကောင်း၊ (၁)ထပ်တိုက်၊ ရေ၊ မီးပါ။ **ကျပ်သိန်း (2150)**

၂။ ခြံ၀င်းကျယ်ကျယ်ဖြင့်နေထိုင်လိုသူများ၊ ဘယ်လိုမှမရနိုင်သော အလွန်သက်သာသောစျေး၊ ပစ္စည်းကိုင်ထားပြီး တန်ဖိုးတက်လိုသူများ၊ အုတ်တံတိုင်းရှယ်ခတ်ထားပြီး၊ သေသပ်လှပသောသံပန်းမိန်းတံခါး ဝင်ပေါက် ၁၄-ပေ၊ လူ၀င်ပေါက် ၃-ပေ၊ ရေ၊ မီးပါ။ မြေအကျယ် sqft 6468 ရှိသောမြေကွက်၊ သာကေတ၊ ရတနာအိမ်ရာ၊ VIP မြေကွက်။ **ကျပ်သိန်း(4200)**

ဖုန်း- 09-5178979, 09-43022828, 09-776187674, 09-667204888,09-451146685

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၃/တိုးချဲ့ရပ်ကွက်၊ ဆရာစံ(၁)လမ်း၊ အမှတ်(၃၃၄) ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/တိုးချဲ့၊ မြေကွက်အမှတ်-၃၃၄၊ အကျယ် (၄၀'x၆၀')အနက် တရားဝင်မခွဲစိတ်ရသေးသော မြေ၏ခေါင်းရင်းခြမ်း အကျယ် (၂၀'x ၆၀')၊ မြေအမျိုးအစား-ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးအောင်မြိုင် (ISN-၃၂၅၀၁၄)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအေးဇော် [၁၂/၃ဂမ(နိုင်)၀၀၆၆၃၁]က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းစိုး **ဦးသန်းဦး**
အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃) **တရားလွတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
အမှတ်(၄၆)၊ ပထမထပ်(ခ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၇-ရပ်ကွက်၊ ရွှေစင်(၃)လမ်း၊ အမှတ်(၁၉၅/က)ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ လူနေရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၁၉၅/က၊ အကျယ် (၂၀'x၆၀')၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်လင်းလင်းစိုး[၁၂/ဒဂရ(နိုင်)၀၀၇၅၄၆]အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်နှင်းနွယ်ထွန်း[၁၂/လသယ(နိုင်)၀၅၈၄၄၇]က မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းစိုး **ဦးသန်းဦး**
အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၃) **တရားလွတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
အမှတ်(၄၆)၊ ပထမထပ်(ခ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ ရှင်စောပုလမ်း၊ အမှတ်(၂၃)ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်အဆောက်အဦး၏ ၇-လွှာ၊ (ခြေရင်းခန်း)၊ အခန်းအမှတ်(၁၄)၊ (၁၅ပေx၅၀ပေ)ခန်ရှိ ရေ၊ မီးအစုံပါ၀င်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်သူ **ဒေါ်ခင်မြတ်စိုး [၁၃/တကန(နိုင်)၀၄၃၂၅၅]**ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း၀ယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
Japan-ဘုန်းမြင့်(ငါးပိုင်းချောင်း) (LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၃၁၄၀/၃၁-၅-၁၉၈၅)
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။
Ph:-09-777797911, 09-789877799, 09-799933939, 09-767772099

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆/Ai မြေကွက်အမှတ်-၁၂၇စီ/၆၊ မြေကွက်တည်နေရာအမှတ်-၅၃/၅၈၊ မနော်ဟရီလမ်းနှင့် တော်ဝင်လမ်းထောင့်၊ ပြည်အနောက်ရပ်ကွက်၊ ဧရိယာ (၀.၀၅)ဧက၊ ဂရန်ရှိမြေပိုင်မြေ အမည်ပေါက် ဦးထိန်ဝင်း[၁၂/ဒဂန(နိုင်)၀၁၃၁၆၅]မြေကွက်အား ဦးထိန်ဝင်းသည် (၁၆-၁-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင် ဇနီးတော်စပ်ကြောင်း ဒေါ်မာလာမြင့် [၁၂/ရကန(နိုင်)၀၂၃၁၁၉]က ကျိန်ဆိုသ

ကန့်ကွက်နိုင်ပါသည်

၁ဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ဗိုလ်စောအောင်လမ်း၊ အမှတ်(၈၈၄)၊ ဦးဘကြည် အမည်ပေါက်နှစ်(၆၀) မြေဌားဂရန်မူရင်းပါ မြေအကျယ် ၀ေ (၄၅x၆၀)အနက်မှ (မြေကွက်ကိုမျက်နှာမူလျှင် ဘယ်ဘက်)(၈ရန်မိတ္တူ၂ခု၊ မြေအကျယ်ပေ (၂၀x၆၀)ရှိမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးမင်းဦး [၁၁/ရဗန(နိုင်)၀၃၈၅၆၇]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကင်းရင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်လွင်လွင်မာ[၉/မဟမ(နိုင်)၀၀၂၈၇၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်း များနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားသူ-
ဒေါ်လွင်လွင်မာ

ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင်(၁) ဒေါ်မြမြွေး (H.G.P, LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)
ရုံး-(၈၁/၃၀၄)၊ ပထမထပ်၊ မောသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉- ၅၄၀၇၂၂၉

အမည်မှန်

သထုံမြို့နယ်၊ ဘုရားကြီးတောင်ဘက် အ.မ.က မူလွန်(Grade-4) (A) တွင် တက်ရောက်နေသော မချစ်အားပုံ၏ အမည်မှန်မှာ မသုသော်တာထက်ဖြစ်ပါကြောင်း။

ပြင်ဆင်ပတ်ဌပါရန်

(၂၀-၈-၂၀၂၂)ရက်နေ့တွင် ကြေးနုတင်အထောက်အမျက်နာ (၂၅)ပါ အထက်တန်း၊ရှေ့နေ ဒေါ်ခင်နီလာဦးနှင့် ဒေါ်အေးသန္တာမြင့်တို့၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် (၂၀ပေx၆၀ပေ)အစား (၂၄ပေx၆၀ပေ)တဲ့ ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ၁ဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ရွှေဥဒေါင်း (၃) လမ်း၊ အမှတ် - ၆၆၂ နေ့ ဒေါ်မြတ်သီတာသန်းဌေး (၁၂/လမတ (နိုင်) ၀၀၀၉၈၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ -

ရန်ကုန်တိုင်းဒေသကြီး၊ ၁ဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ်-၃၆၂ ၊ ဧရိယာအကျယ်အဝန်း (၄၀ ပေ × ၆၀ ပေ) ရှိ မူလပိုင်ရှင်အမည်ပေါက် ဖြစ်သူ ဒေါ်ခင်ဆွေသက် (CE-၀၃၂၀၇၁) ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ဇော် (၉/ကပတ (နိုင်) ၁၉၆၈၁၃) ထံမှ (၂၀ ပေ × ၆၀ ပေ) (ယာဘက်ခြမ်း) အား ဝယ်ယူရန်အတွက် ရောင်းဦးငွေ တစ်စိတ်တစ်ဒေသဖြစ်သော စရံငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အတိအလင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမိုးနိုင် (LL.B, B.BS, D.BS)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၂/၅-၅-၂၀၁၆)
အမှတ်-၉၉၊ ဒုတိယထပ်၊ ၁၉-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၇၅၆၅၇၇၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၇)လမ်း၊ တိုက်အမှတ်-၆၄/၆၆၊ ပထမထပ်၊ အကျယ်အဝန်း အလျား (၂၅)ပေ x အနံ (၅၀)ပေရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရှိ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ဒေါ်နှင်းနှင်းခိုင် [၁၂/ဥကတ(နိုင်)၀၀၂၄၃၃]မှ ကျွန်ုပ်မိတ်ဆွေထံသို့ ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ဒေါ်ရှည်ရမ်(၁) လွှမ်းလွှမ် [၁၂/လသန(ဧည့်)၀၀၁၁၉၇]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ရှည်ရမ်(၁)လွှမ်းလွှမ်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဝေဝေအောင်(LL.B, D.B.L) (စဉ်-၄၈၄၃၀)
ဒေါ်သိမ့်သန္တာအောင်(LL.B, D.B.L) (စဉ်-၄၈၂၂၉)
အထက်တန်းရှေ့နေများ
အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၇၇၂၅၁၇၅၅၊ ၀၉-၇၉၉၇၂၄၂၅၁

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တွင် နေထိုင်သော ဒေါ်ခင်မြေသွေး [၁၂/လမန(နိုင်)၀၆၃၇၃၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဇ္ဈလမ်း၊ အမှတ် (၂၅) ဟုခေါ်တွင်သောမြေကွက်နှင့် အဆိုပါမြေပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေမှ ပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အဦးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အဦးအား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ AMBER STAR GENERAL TRADING CO., LTD၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-(၁၁၃၇၇၆၆၇၇)ထံသို့ ငှားရမ်းထားခဲ့ပါသည်။ ယခုအခါ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦးအား မည်သူ့ကိုမျှ ငှားရမ်းထားခြင်းမရှိတော့ပဲ ကျွန်ုပ်၏မိတ်ဆွေ လက်ဝယ်တွင် ပြန်လည်ရယူပြီးဖြစ်ပါကြောင်းနှင့် ယခင်က ငှားရမ်းထားခဲ့သော AMBER STAR GENERAL TRADING CO., LTD ၏ ကိစ္စရပ်များသည် အိမ်ပိုင်ရှင်ဖြစ်သော ကျွန်ုပ်၏မိတ်ဆွေနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မြေသွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)
ဒေါ်စောပြည့်စုံ(LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၄၈၈၆)
The Solution Power Law Firm- အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ ၉မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၅၀၉၈၉၄၂

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဆွေ[၁၂/စခန(နိုင်)၀၃၉၁၄၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၅)၊ ရတနာသိခ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈/ဘီ)၊ လူနေရပ်ကွက် အမှတ်/မြေကွက်အသစ်အမှတ်(၆၆BA/၂၀၈)၊ မြေကွက်အမှတ်(၆၆BA/၁၅၀)၊ (အလျား၂၅ပေxအနံ၅၀ပေ)၊ ဧရိယာ (၀.၀၂၉)ဧကရှိ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနှစ်ထပ်ခွဲတိုက်အဆောက်အဦးအပါအဝင် အိမ်နှင့် မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးသန်းဆွေ[၁၂/စခန(နိုင်)၀၃၉၁၄၄] သာလျှင် တရားဝင်ပိုင်ဆိုင်သူဖြစ်ပါသည်။ ထို့ကြောင့် ၎င်းဂရန်နမြ၊ အိမ်အဆောက်အဦးနှင့်ပတ်သက်၍ မည်သူတစ်ဦး တစ်ယောက်ကမျှ ဝင်ရောက်ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်းတစ်စုံတစ်ရာမပြုလုပ်ရန်နှင့် ပြုလုပ်လာပါက တည်ဆဲ ဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦသန်းဆွေ
Ph-၀၉-၅၁၃၃၀၉၇၇

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဟိန်းထိုက်စိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၁၀၃၃)
အမှတ်(၂၉)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph-၀၉-၅၁၆၆၀၇၆၊ ၀၉-၂၅၄၀၆၃၅၂

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၄၃၆/က)၊ အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)၊ (၀.၀၂၇၇)ဧကဂ၊ (၁၂၀၀) စတုရန်းပေရှိ ဒေါ်ခိုင်ဇာဇာ(ဘ)ဦးအောင်ဟိန်းအမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဓာလာ(၇)လမ်း၊ အမှတ်(၄၃၆/က) ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားရှိပိုင်ဆိုင်ကာ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်ဇာဇာ [၁၂/ဗဟန(နိုင်)၀၈၉၈၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရွှေ [၁၂/ဥကမ(နိုင်)၀၄၄၄၄]မှ ကျွန်ုပ်ကိုယ်တိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ အပြီးအပိုင်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဝိုင်ဃလုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်မျိုးညွန့်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၂၅၃၃)
အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၁၉၁၀၃၄၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက် အမှတ်(၁၀)၊ ၁၀/တောင်- ၁၂-ရပ်ကွက်၊ ဧရယျ၀တီ(၂)လမ်း၊ မြေကွက်အမှတ် (၂၄၇၃/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးစီးမှူးမောင်[၁၂/သကတ(နိုင်)၀၉၆၈၅၅] အမည်ပေါက်သည့် အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက် ပေါ်၌ ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို ရောင်းချပိုင်ခွင့်ရှိသူ လက်ဝယ်ထားရှိသူဟု အဆိုပြုသူ ဦးရင်ထွေး[၁၂/သခန(နိုင်)၀၆၂၅၈၁]ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းမင်းစိန်[စ/စလန(နိုင်)၁၇၀၃၅၂]ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်ကျော်လင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၂)
တိုက်(၉/၁၁)၊ အခန်း(၁၀၂-ဒီ)၊ပထမထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၁၁၂၈

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကိုကိုခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်ကင်ဘီ မှ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ဒေါ်ကင်ဘီ(၁၂/လသန(ပြု)၀၀၁၄၆၃) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက တိုက်ခန်း၀ယ်ယူရန်အတွက် ရောင်းဖိုးငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်း၀ယ်မှုအပေါ် ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်/စာတမ်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်ကျော်လင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၂)
တိုက်(၉/၁၁)၊ အခန်း(၁၀၂-ဒီ)၊ပထမထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၁၁၂၈

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်(၁၁၁၉) ဟုခေါ်တွင်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပ မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၁၁၁၉)၊ အကျယ်အဝန်း (၆၀´x၄၀´)၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အဆောက်အဦ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်မှာ ဒေါ်နီလာဝင်းဌေးမှ အမည် ပေါက်ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုပြီး ဒေါ်နီလာဝင်းဌေး (၉/ရမသ (နိုင်)၀၁၁၅၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ရောင်း၀ယ်မှု အပေါ်ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ စာချုပ်/စာတမ်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမောင်မောင်ကျော်လင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၄၂)
တိုက်(၉/၁၁)၊ အခန်း(၁၀၂-ဒီ)၊ပထမထပ်၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၁၁၂၈

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဇ္ဈလမ်း၊ အမှတ် (၂၅) ဟုခေါ်တွင်သောမြေကွက်နှင့် အဆိုပါမြေပေါ်တွင် တည်ဆောက်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေမှ ပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အဦဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အဦအား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ AMBER STAR GENERAL TRADING CO., LTD၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-(၁၁၃၇၇၆၆၇၇)ထံသို့ ငှားရမ်းထားခဲ့ပါသည်။ ယခုအခါ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အဦအား မည်သူ့ကိုမျှ ငှားရမ်းထားခြင်းမရှိတော့ပဲ ကျွန်ုပ်၏မိတ်ဆွေ လက်ဝယ်တွင် ပြန်လည်ရယူပြီးဖြစ်ပါကြောင်းနှင့် ယခင်က ငှားရမ်းထားခဲ့သော AMBER STAR GENERAL TRADING CO., LTD ၏ ကိစ္စရပ်များသည် အိမ်ပိုင်ရှင်ဖြစ်သော ကျွန်ုပ်၏မိတ်ဆွေနှင့် ပတ်သက်စပ်ဆိုင်ခြင်းမရှိကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်မြေသွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမင်းမင်းသိမ့် (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)
ဒေါ်စောပြည့်စုံ(LL.B, D.B.L)
အထက်တန်းရှေ့နေ(စဉ်-၅၄၈၈၆)
The Solution Power Law Firm- အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ ၉မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉- ၅၀၉၈၉၄၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသောအငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် အောက်ဖော်ပြပါ အရေအတွက်အတိုင်းလစ်လပ်လျက်ရှိသော**အငယ်တန်းစာရေးရာထူးနေရာ**(လစာနှုန်း၊ ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) များအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ အနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ယင်းတိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိနီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လျှောက်ထားနိုင်ပါသည်-

(က)	ကချင်ပြည်နယ်	- ၁	နေရာ
(ခ)	ကယားပြည်နယ်	- ၆	နေရာ
(ဂ)	ကရင်ပြည်နယ်	- ၃	နေရာ
(ဃ)	ချင်းပြည်နယ်	- ၂	နေရာ
(c)	စစ်ကိုင်းတိုင်းဒေသကြီး	- ၅	နေရာ
(စ)	တနင်္သာရီတိုင်းဒေသကြီး	- ၄	နေရာ
(ဆ)	ပဲခူးတိုင်းဒေသကြီး	- ၂	နေရာ
(ဇ)	မကွေးတိုင်းဒေသကြီး	- ၂	နေရာ
(ဈ)	မန္တလေးတိုင်းဒေသကြီး	- ၄	နေရာ
(ည)	မွန်ပြည်နယ်	- ၃	နေရာ
(ဋ)	ရခိုင်ပြည်နယ်	- ၆	နေရာ
(ဌ)	ရန်ကုန်တိုင်းဒေသကြီး	- ၂၁	နေရာ
(ဍ)	ရှမ်းပြည်နယ်	- ၁၁	နေရာ
(ဎ)	ဧရာဝတီတိုင်းဒေသကြီး	- ၂	နေရာ

၂။ လျှောက်ထားသူများသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ၃၀ - ၉ - ၂၀၂၂ရက်တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(c) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိမည်သည့်မြို့နယ်တွင်မဆို တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဆ) အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ် ရေးထိုးရမည်။

၃။ လျှောက်လွှာနှင့် အတူအောက်ပါအချက်များပါဝင်ရမည်-
(က) တစ်လအတွင်းရိုက်ကူးထားသော ၁ လက်မပတ်လည် ဓာတ်ပုံ (၃) ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) ဘွဲ့လက်မှတ်မိတ္တူနှင့် အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူ (မူရင်းအားလူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်။)
(ဃ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

၄။ လျှောက်လွှာပုံစံများကိုကော်မရှင်ရုံး၏ Website ဖြစ်သော www.uec.gov.mm တွင် download ရယူနိုင်ပြီးနီးစပ်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်းရယူနိုင်ပါသည်။ လျှောက်လွှာများကို **၁-၉-၂၀၂၂**ရက်နေ့မှစတင်ထုတ်ပေးသွားမည်ဖြစ်ပြီး**၃၀-၉-၂၀၂၂**ရက် (သောကြာနေ့) နောက်ဆုံးထား၍ လျှောက်လွှာရယူခဲ့သည့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့လိပ်မူ၍ပေးပို့ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသောလျှောက်လွှာများ၊အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထားမပြည့်စုံသူများကိုလုံး၀(လုံး၀) ထည့်သွင်း လက်ခံစဉ်းစားပေးမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲဖြေဆိုရမည့်ရက်နှင့် လူတွေ့စစ်ဆေးခြင်းခံယူရမည့်ရက် တို့ကိုလျှောက်လွှာရယူခဲ့သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှတစ်ဆင့် အကြောင်းကြားမည်ဖြစ်ပြီးအဆိုပါရုံးများတွင် သွားရောက်စုံစမ်းနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါကသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး [ရုံးအမှတ် (၂၂)၊ နေပြည်တော်] ဖုန်း

" အများသိစေရန်ကြေညာချက် "

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၅၄၃)၊ အကျယ်အဝန်း (အလျား ၄၃၀၀ x အနံ ၆၀၀၀) အကျယ်ရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဗိုလ်စောဦးလမ်းနှင့် ပြည်ထောင်စုလမ်းထောင့်၊ အမှတ်(၅၄၃) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲဗဟုသုတဌာန ဦးသန်းဖြင့် (CE-၁၄၈၄၅၅) အမည်ပေါက်ကြောင်း၊ ရောင်းသူ ဦးထင်လင်းအုံး [၁၀/ဘလန(နိုင်)၀၅၃၃၂၁]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်စုဖြိမ်း LL.B., D.B.L., D.I.L.
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉
အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁- ၃၇၃၀၄၆၊ ၀၉- ၅၄၀၆၆၁၁

"အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၁၉၁)။ (အလျား ၄၄၀၀x အနံ ၆၀၀၀)။ ဇရိယာ (၀.၀၆၁)ကေ အကျယ်ရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကြီး၏ မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ဘယ်)ခြမ်း၊ (အလျား ၂၀၀၀xအနံ ၆၀၀၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၁၉၁)ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ရိန်း(EA-၀၁၁၂၄၇)အမည်ပေါက်ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၃၅၆/၂၀၂၂)အရ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုထားသူထံမှ ရောင်းသူဦးပြည်မိုးအောင် [၁၂/အစန(နိုင်)၁၁၄၂၇၂]မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၆၃၄၂/၂၀၂၂)အရ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်အောင်နိုင်[၁၂/၀ဇတ(နိုင်)၀၂၅၃၉၆]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်စုဖြိမ်း LL.B,D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၂၈၉
အမှတ် (၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ဦးပုညလမ်း၊ မြေကွက်အမှတ်(၂၄၈)၊ မြေအကျယ်အဝန်း ၀၀(၄၀x၆၀)အနက်မှ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၂၄၇)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း (၂၀x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေဓာရင်းတွင် ဦးရန်ဟိုင်ဆင်း[၁၃/လရန(နိုင်)၀၈၆၆၈၉]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်နန္ဒာချောဝဏ္ဏ [၁၂/ကတတ(နိုင်)၀၀၆၆၇၀]သည် "နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ဝေဖြိုး (စဉ်-၁၅၆၉၉)
(LL.B, DIPL) WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၁၀)၊ (၆)လွှာ၊ (၃၈)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၀၊ လူနေရပ်ကွက်အမှတ် - ၁၀၊ မြေကွက်အမှတ် - ၆၀၉၊ ဧရိယာ - ၂၄၀၀ စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၆၀၉)၊ သံသုမာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သောအဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဒေါ်အိကေဇောသန်း [၉/ခအဇ(ပြု)၀၀၀၃၄၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့် အကျိုးသက်ဆိုင်သူတို့ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၀) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးခင်တင့်(ခ)ဦးခင်ထွန်း
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၇၅၁/ ၁၉၉၁)
အမှတ်-၃၃/၄၉၊ အခန်း(၂)၊ Strand Condo (ပ)ထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတား မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၀၉- ၅၁၀၉၃၀၆

အများသိစေရန်ကြေညာချက်

ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ ပုသိမ်လမ်း(ကမ်းနားလမ်း) နှင့်လှေသင်းဝန်ဦးချိန်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/ စက်မှု)၊ မြေကွက်အမှတ်(၆၂)၊ အမှတ် (၆၂)တွင် မြေငှားစာချုပ်အမည်ပေါက် ဦးရာဇာထွန်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဇော်လွင်မှတဆင့် အရပ်စာချုပ်ဖြင့် ဝယ်ယူထားသော Global Good Pure Group Co.,Ltd မှ Online တွင် BP1-3995 ဖြင့် (၂)ထပ် Steel (စားသုံးဆီသိုလှောင်ရုံ) ဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာပါသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ လမ်း(၄၀) အထက်လမ်း၊ တိုက်အမှတ်(၂၈၉)၊ (၅)လွှာ(၀)ဘက်ခြမ်းဟုခေါ်တွင်သော အလျား (၁၂.၅)ပေx အနံ(၅၀)ပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်လွင် [၁၂/ကတန(ဧည့်)၀၀၀၀၆၈] ထံမှ အရပ်ကတိစာချုပ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်အေး [၁၂/ကတတ(နိုင်)၀၁၃၃၇၃]မှ (၂၄-၈-၂၀၂၂)ရက်တွင် အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ခေါ်စုဝေဖြိုး (စဉ်-၁၅၆၉၉)
(LL.B, DIPL) WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၁၀)၊ (၆)လွှာ၊ (၃၈)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ လူနေရပ်ကွက်အမှတ်-၆/၁၃၊ ပုသိမ်(၄)လမ်း၊ မြေကွက်အမှတ်-၁၆၇(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ခေါ်ခင်ထွေးအမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင် ခေါ်ခင်ထွေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်အေးအေးရီ [၁၂/ရပသ(နိုင်)၀၀၃၄၈၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမင်းသော် [၁၂/မဘန(နိုင်)၀၀၀၈၈၅၅]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမင်းသော်
[၁၂/မဘန(နိုင်)၀၀၀၈၈၅]
အမှတ်-၇/ဖ(ခ)၊
အမှတ်(၄)လမ်းမကြီး
ဘုံရှည်ကုန်းရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။

လွှဲအပ်ညွှန်ကြားချက်အရ-
ခေါ်ခင်မာလွင်(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)
အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၅၁ခ၉၆၈၉

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ချယ်မြင့်လမ်း၊ မြေကွက်အမှတ်(၄၅၂)၊ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ (၄၀'x၆၀')။ (၀.၀၅၅)ဧကေ၊ (၂၄၀၀)စတုရန်းပေ အကျယ်ရှိ မြေကွက်သည် ဦးအုန်းစိန် [၁/ကမရ(နိုင်)၀၁၅၇၆၅] (ISN-၁၃၂၅၂၀)က ဂရန်အမည်ပေါက်ပြီး ယင်းမြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းဘက်မြခြမ်း (၂၀'x၆၀') အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ယခုရောင်းချသူ ဒေါ်ရည်မွန်ခင် [၁၂/ဥကတ(နိုင်)၁၈၀၇၂၀]က ဂရန်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရှိပိုင်ဆိုင်ထားကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့်နေအိမ်၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့် နေအိမ်တို့နှင့် ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစွမ်းထက်ပိုင်	**ဒေါ်ဝိုးဇာနည်ဝင်း**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)	**အထက်တန်းရှေ့နေ**
(LL.B,DBL,DIL,MA (Business Law)	**LL.B,(စဉ်-၅၀၅၉၅)**
ဖုန်း- ၀၉-၄၃၀၉၄၆၇	**ဖုန်း ၀၉-၇၉၉စ၉၀၄၉၂**

တိုက် (၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

ပြင်ဆင်ဖတ်ရှုပါရန်

၆-၄-၂၀၂၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာမဂ္ဂလာတောင်ညွှန့်မြို့နယ်၊ဒေါ်သန်းသန်းစောစာ၏မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရန်အစားပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန်ဟုအမှန်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၂-၇-၂၀၂၂ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာမဂ္ဂလာပဟန်းမြို့နယ်ဦးရဲလင်း+၂၈ပိုင်ဆိုင်နှင့်စွန့်လွှတ်မြေပုံကူးတွင် ဦးရဲလင်း၊ဦးမောင်မောင်ကြီး၊ဒေါ်သန်းသန်းမေအောင်ဦးရဲလင်း၊ဦးလှမင်း၊ဒေါ်သန်းသန်းမေဟုအမှန်ပြင်ဆင်ဖတ်ရှုပါရန်။

